# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၅ ရက် | ၂၀၂၃ ခုနှစ်၊ ဇူလိုင် ၂၂ ရက်၊ စနေနေ့ | အတွဲ (၆၂)၊ အမှတ်(၂၈၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံငရုတ် ဧက ၄၀၀ ကျော်လျာထားစိုက်ပျိုး

## ဒေသခံများ စီးပွားရေးတွက်ခြေကိုက်သည့် ငရုတ်သီးနှံကို စီးပွားဖြစ်ပိုမိုစိုက်ပျိုးလာ

ပွင့်ဖြူ ဇူလိုင် ၂၁

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီကာလ စားဖိုဆောင်သီးနှံဖြစ်သည့် ငရုတ်သီးနှံ စိုက်ပျိုးခြင်းကို တစ်မြို့နယ်လုံး ၄၀၄ ဧက လျာထားစိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများက မဲဇလီရေလွှဲဆည်ရေအပြင် မုန်းချောင်းရေနှင့် မြေအောက်ရေကို အကျိုးရှိစွာ အသုံးချပြီး (နွေ၊ မိုး၊ ဆောင်း )တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်ကြကြောင်းသိရကာ ယခုလို မိုးသီးနှံစိုက်ပျိုးရာသီကာလတွင် သီးနှံအပိုဝင်ငွေရရှိစေရန် ဟင်းသီးဟင်းရွက်စားပင်သီးနှံမျိုးစုံကိုလည်း အားထားစိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရသည်။

အဆိုပါ ဟင်းသီးဟင်းရွက်သီးနှံများ စိုက်ပျိုးရာ၌ စီးပွားရေးတွက်ခြေကိုက်သည့် ငရုတ်သီးနှံစိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်ကြကြောင်း၊ ထိုသို့ စိုက်ပျိုးလုပ်ကိုင်ရာ၌ သီးနှံအမျိုးအစားအလိုက် အထွက်နှုန်း တိုးတက်ကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အခြေခံစိုက်ပျိုးရေး နည်းပညာများနှင့် သွင်းအားစုပစ္စည်းသုံးစွဲပုံအဆင့်ဆင့်ကို တောင်သူများ စနစ်တကျလိုက်နာဆောင်ရွက်နိုင်ရန် အသိပညာပေးလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်ပေးနေကြောင်း သိရသည်။

စာမျက်နှာ ၄ ကော်လံ ၁ ◆



## သဲကုန်းမြို့နယ်၌ မိုးစပါးဧက ၈၂၀၀၀ ကျော် စိုက်ပျိုးရန် လျာထား

သဲကုန်း ဇူလိုင် ၂၁

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် စပါးမျိုးကောင်း၊ မျိုးသန့် တိုးပွားစေရန်နှင့် တစ်ဧကအထွက်နှုန်းတိုးပွားစေရန် ရည်ရွယ်၍ ယခုနှစ် မိုးရာသီတွင် မိုးစပါးစိုက်ဧက ၈၂၆၁၀ စိုက်ပျိုးသွားရန် လျာထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

သဲကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မိုးစပါးစိုက်ဧကများကို ကြဲခင်းများ စိုက်ပျိုးခြင်း၊ မျိုးစေ့ချကိရိယာ (Drum-Seeder)ဖြင့် စိုက်ပျိုးခြင်း၊ ကောက်စိုက်စက်ဖြင့် စနစ်တကျစိုက်ပျိုးခြင်းနည်းများဖြင့် ဇူလိုင် ၁၉ ရက်အထိ စိုက်ဧကပေါင်း ၇၉၈၅၁ ဧက စိုက်ပျိုးပြီးဖြစ်ရာ တောင်သူများအနေဖြင့် ရတနာတိုး၊ မော်ဘီ-၂၊ အင်းမရဲဘော်၊ ရက်-၉၀၊ ကောက်ညှင်းစပါးမျိုးများအား အများဆုံး စိုက်ပျိုးထားကြောင်း သိရသည်။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စပါးအထွက်နှုန်းတိုးတက်မြင့်မားစေရန် တောင်သူများအား နည်းပညာပေးခြင်း၊ မြေဩဇာများကို တောင်သူများလက်ဝယ်သို့ ဖြန့်ဖြူးပေးခြင်း၊ လယ်ယာကဏ္ဍ သီးနှံစိုက်ပျိုးထုတ်လုပ်မှု မြင့်မားတိုးတက်ရေး၊ အရည်အသွေးကောင်းမွန်စေရေး ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကိုကျော်(ပြန်/ဆက်)


**ယနေ့ ဖတ် စ ရာ**

နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် “ဝ” ပြည် သွေးစည်းညီညွတ်ရေးပါတီ(UWSP)၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)၊ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲကျင်းပ — ပြည်တွင်းသတင်း စာ ၅

ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မှုနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲပြုလုပ် — သတင်းစာရှင်းလင်းပွဲ စာ ၈

မက်မန်းပင်များ တိုးချဲ့စိုက်ပျိုး၍ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းအားဖြင့် ဒေသတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေမည့် အခွင့်အလမ်းများ — ဆောင်းပါး စာ ၁၆

# သတိပြုရမည့် သွေးလွန်တုပ်ကွေး

သွေးလွန်တုပ်ကွေးရောဂါသည် ကမ္ဘာပေါ်တွင် တစ်နှစ်လျှင် လူသန်း ၄၀၀ ခန့်ကို ကူးစက်ဖြစ်ပွားလျက်ရှိရာ ရောဂါဖြစ်ပွားမှု အများဆုံးနိုင်ငံများတွင် အိန္ဒိယ၊ အင်ဒိုနီးရှား၊ ထိုင်း၊ သီရိလင်္ကာ စသည်တို့နှင့်အတူ မြန်မာနိုင်ငံလည်း ပါဝင်နေသည်။ တစ်နှစ်ပတ်လုံး ကူးစက်ဖြစ်ပွားနိုင်သည့် ရောဂါဖြစ်သော်လည်း ယခုကဲ့သို့ မိုးဖြိုင်ဖြိုင်ရွာသည့်ကာလတွင် အဖြစ်များသည်။ မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်နိုင်ငံများတွင် ယခုနှစ်ပထမနှစ်ဝက်ကာလအတွင်း သွေးလွန်တုပ်ကွေးဖြစ်ပွားမှုသည် ယမန်နှစ်ကထက် မြင့်တက်နေကြောင်း သတင်းများတွင် တွေ့ရှိရာ မိမိတို့နိုင်ငံတွင်လည်း အထူးသတိပြုဖွယ်ဖြစ်သည်။

ထိုင်းနိုင်ငံတွင် ယခုနှစ် ပထမနှစ်ဝက်အတွင်း သွေးလွန်တုပ်ကွေးဖြစ်ပွားမှု ၂၇၃၇၇ ဦးနှင့် သေဆုံးသူ ၃၃ ဦး၊ လာအိုနိုင်ငံတွင် ယခုနှစ်ပထမနှစ်ဝက်အတွင်း သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၇၁၉၇ ဦးနှင့် သေဆုံးသူ နှစ်ဦး၊ ကမ္ဘောဒီးယားနိုင်ငံတွင်လည်း ဖြစ်ပွားသူ ၄၆၆၈ ဦးနှင့် သေဆုံးသူ ၁၀ ဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဖြစ်ပွားသူ ၁၄၈၉၇ ဦးနှင့် သေဆုံးသူ ၈၃ ဦးရှိပြီး အဆိုပါနိုင်ငံများတွင် ယခင်နှစ်ထက် ပိုမို၍ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု မြင့်တက်နေခြင်းပင် ဖြစ်သည်။

မိမိတို့မြန်မာနိုင်ငံတွင် ယခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ မေလ ၂၀ ရက်နေ့အထိ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၇၁၇ ဦးရှိပြီး သေဆုံးသူ ၇ ဦးရှိသည်။ သတင်းများအရ ၂၀၂၀ ပြည့်နှစ်က သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၁၅၁၃၁ ဦးတွင် သေဆုံးသူ ၆၈ ဦး၊ ၂၀၂၁ ခုနှစ်တွင် သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၅၄၄၆ ဦးနှင့် သေဆုံးသူ ၃၆ ဦး၊ ၂၀၂၂ ခုနှစ်တွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားသူ ၂၄၉၇၁ ဦးနှင့် သေဆုံးသူ ၉၇ ဦးရှိပြီး နှစ်စဉ်ပျမ်းမျှ သေဆုံးမှု ၀ ဒသမ ၄ ရာခိုင်နှုန်းခန့်ရှိရာ ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ပိုမိုမြင့်မားခြင်းမရှိကြောင်း သိရသည်။

သွေးလွန်တုပ်ကွေးသည် ခြင်ကျားအကိုက်ခံရခြင်းမှတစ်ဆင့် ကူးစက်ခြင်းဖြစ်ပြီး ခြင်ကိုက်ခံရပြီးနောက် ပျမ်းမျှ ၄ ရက်မှ ၆ ရက်အကြာတွင် ရောဂါလက္ခဏာများ စတင်ပြသသည်။ သွေးလွန်တုပ်ကွေးရောဂါ၏ ပထမအဆင့် Dengue Fever ရောဂါတွင် ရုတ်တရက် အဖျားတက်လာခြင်းနှင့်အတူ ခေါင်းကိုက်ခြင်း၊ တစ်ကိုယ်လုံးကိုက်ခဲခြင်း၊ ပျို့ခြင်း၊ အန်ခြင်း၊ မစားချင်မသောက်ချင်ဖြစ်ခြင်း၊ တစ်ခါတစ်ရံ ခန္ဓာကိုယ်၌ အစက်အပြောက်များ ပေါ်လာခြင်းတို့ဖြစ်တတ်သည်။ သွေးပေါင်ချိန်တိုင်းကိရိယာဖြင့် စစ်ဆေးတိုင်းတာကြည့်ပါက လက်ဖျံတွင် အစက်အပြောက်များ ပေါ်လာသည်ကို တွေ့နိုင်ပြီး အခြားစိုးရိမ်ရသည့် လက္ခဏာများ မရှိကြောင်း ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အသိပေးထားသည်။ ဒင်ဂီး အဖျား (Dengue Fever) အခြေအနေတွင် ကလေးကို သွေးပေါင်မှန်မှန်ချိန်ခြင်း၊ ကလေး၏အခြေအနေကို စောင့်ကြည့်ခြင်းနှင့် ကိုယ်ပူချိန်အတွက် ပါရာစီတမော တိုက်ကျွေးခြင်းနှင့် ရေဖတ်တိုက်ခြင်းတို့ ပြုလုပ်ပေးနိုင်သည်။ အခြားကိုယ်ပူကျဆေးများနှင့် အက်စ်ပရင်ကဲ့သို့ အကိုက်အခဲပျောက်ဆေးများမှာ သွေးယိုစီးခြင်းရှိပါက ပိုဆိုးစေသည့်အတွက် လုံးဝမသုံးစွဲဘဲ ရှောင်ကြဉ်ရမည်ဖြစ်သည်။ ထို့အပြင် အရည်ပြန်လည်ဖြည့်တင်းပေးရန် လိုအပ်သဖြင့် ဓာတ်ဆားရည်၊ အသီးအနှံဖျော်ရည်များ ဝင်အောင် တိုက်ကျွေးပေးရန်လည်း လိုအပ်သည်။ နို့တိုက်အရွယ် ကလေးများဖြစ်ပါက မိခင်နို့ဆက်လက်တိုက်ကျွေးရန်လိုအပ်သည်။ ထို့အပြင် ဖျားနေသည့်ကလေးကို အစားအစာ ဆက်လက်ကျွေးရန် လိုအပ်ကြောင်းနှင့် ကော်ဖီ၊ ချောကလက်၊ မိုင်လိုကဲ့သို့သော အညိုရောင်အရည်များကို မတိုက်ကျွေးရန်လည်း ညွှန်ကြားထားသည်။

သွေးလွန်တုပ်ကွေးရောဂါသည် ဆေးရုံဆေးခန်းသို့ အချိန်မီပြသရန် လိုအပ်သည့်အလျောက် နောက်ဆက်တွဲဆိုးကျိုးများ မဖြစ်စေမီ နီးစပ်ရာဆေးရုံဆေးခန်းတွင် ပြသကြရန် တိုက်တွန်းလိုသည်။ အထူးသဖြင့် ဆေးရုံဆေးခန်းနှင့် အလှမ်းဝေးပြီး ဆက်သွယ်သွားလာမှု ခက်ခဲသည့် ဒေသများတွင် နေထိုင်သူများနှင့် သွေးလွန်တုပ်ကွေး စိုးရိမ်ရသည့် လက္ခဏာများ တွေ့ရှိရသူများကို အချိန်မီကုသနိုင်ရန်အတွက် အနီးဆုံးဆေးရုံဆေးခန်းရှိရာဆီသို့ အမြန်ဆုံးပို့ဆောင်ကြရန် အသိပေးနှိုးဆော်လိုက်ရပါကြောင်း။ ။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ကမ္ဘောဒီးယားနိုင်ငံ၏ (၇)ကြိမ်မြောက် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲအား လေ့လာရန် ကမ္ဘောဒီးယားနိုင်ငံသို့ ထွက်ခွာ



ရန်ကုန် ဇူလိုင် ၂၁

ကမ္ဘောဒီးယားနိုင်ငံ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပမည့် (၇) ကြိမ်မြောက် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲအား လေ့လာရန် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ ကမ္ဘောဒီးယားနိုင်ငံသို့ ထွက်ခွာသွားသည်။ (ယာပုံ)

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့အား ကော်မရှင်အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးသန်းထွန်း၊ ဦးအောင်စောဝင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ (၇) ကြိမ်မြောက် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲကို ဇူလိုင် ၂၃ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အဖွဲ့ဝင် ဦးစိုးဦး လိုက်ပါသွားသည်။

အဆိုပါ ရွေးကောက်ပွဲသို့ နိုင်ငံတကာ ရွေးကောက်ပွဲ လေ့လာသူများအဖြစ် သွားရောက် လေ့လာခြင်းဖြင့် ကမ္ဘောဒီးယားနိုင်ငံ၏ ရွေးကောက်ပွဲစနစ်များ၊ ရွေးကောက်ပွဲကျင်းပပုံ လုပ်ငန်းစဉ်များ၊ မဲပေးခြင်းလုပ်ငန်းစဉ်များနှင့် မဲရေတွက်ခြင်း လုပ်ငန်းစဉ်များကို လေ့လာသိရှိရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ အိန္ဒိယသံအမတ်ကြီးနှင့် အဖွဲ့အား လက်ခံတွေ့ဆုံ အိန္ဒိယရူပီး / မြန်မာကျပ်ငွေတို့ဖြင့် တိုက်ရိုက်ငွေပေးချေရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး



နေပြည်တော် ဇူလိုင် ၂၁

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး မစ္စတာဗီနေးကူးမား ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရှိ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၌ ယနေ့နံနက် ၁၀ နာရီခွဲတွင် လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံကုန်သွယ်ရေးတွင် အိန္ဒိယရူပီး/မြန်မာကျပ်ငွေတို့ဖြင့် တိုက်ရိုက်ငွေပေးချေရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ Punjub National Bank တွင် ဖွင့်လှစ်ထားရှိမည့် မြန်မာဘဏ်များ၏ ငွေစာရင်းတွင် မည်သည့်နည်းလမ်းဖြင့်မဆို ရရှိသည့် အိန္ဒိယရူပီးကို ထည့်သွင်းခွင့်ပြုရန်၊ နှစ်ဦးနှစ်ဖက် သဘောတူညီချက် (Concept Notes) ပါ အချက်များအနက် ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များနှင့် အိန္ဒိယနိုင်ငံရှိ ပြည်ပ အလုပ်သမားများ၏ ပြန်လည်လွှဲပို့ငွေများကို အထူးဖွင့်လှစ်ထားရှိမည့် ငွေစာရင်းတွင် လက်ခံထည့်သွင်းရန်၊ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ အထောက်အကူ ပြုရန်နှင့် နည်းပညာ အကူအညီပေးရန် စသည့် သဘောတူညီမှုဆိုင်ရာ အချက်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။ **သတင်းစဉ်**




## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

နေပြည်တော် ဇူလိုင် ၂၁

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် N.P.K Motors Co.,Ltd. မှ တင်သွင်းလာသော MG, MG5 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်ငါးစီးသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါ လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းမှုအတွက် အကောက်ခွန် ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ပြောင်းရွှေ့တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၄၅ / ၂၀၂၃
၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၄ ရက်
( ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်)

**ဒုတိယဝန်ကြီး ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ စိုးဝင်း အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဒုတိယဝန်ကြီးအဖြစ် ပြောင်းရွှေ့တာဝန်ပေးအပ်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၄၆ / ၂၀၂၃
၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၄ ရက်
( ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်)

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးဇင်မင်းထက် အား အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်းနှင့် ရဲချုပ်တာဝန် ပူးတွဲတာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၄၇ / ၂၀၂၃
၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၄ ရက်
( ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်)

**ဒုတိယဝန်ကြီးခန့်အပ်တာဝန်ပေးခြင်းနှင့် ရဲချုပ်တာဝန် ပူးတွဲတာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင် အား ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်ပြီး ရဲချုပ်တာဝန်ကို ပူးတွဲတာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ



## စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ငါးမျိုးစိတ်စိုက်ထည့်ပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၁**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ၂၀၂၃ ခုနှစ် မိုးရာသီငါးမျိုးစိတ် စိုက်ထည့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ မင်္ဂလာကန်၌ ကျင်းပသည်။

**ကြည့်ရှုအားပေး**

အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်ဝင်းနှင့် ဒေါ်သန်းသန်းလင်းတို့က ငါးခုံးမများကို မင်္ဂလာကန်အတွင်းသို့ ဦးစွာစိုက်ထည့်ပေးကြပြီး ဌာနဆိုင်ရာအကြီးအကဲများ၊ အမှုထမ်း၊ အရာထမ်းများ၏ ငါးမျိုးစိုက်ထည့်ပေးနေမှုကို ကြည့်ရှုအားပေးကြသည်။

ယနေ့ အခမ်းအနားတွင် မင်္ဂလာကန်အတွင်းသို့ ကြီးထွားနှုန်းမြန်ဆန်သည့် ငါးခုံးမ သားပေါက်ကောင်ရေ ၃၅၀၀၀ ကျော် စိုက်ထည့်ပေးခဲ့ကြောင်းနှင့် ယမန်နှစ်ကလည်း ငါးမြစ်ချင်း သားပေါက်ကောင်ရေ ၃၂၀၀၀ ကျော် စိုက်ထည့်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၂၁**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းလာနိုင်သည်။ မိုး/ဇလ

## မြန်မာနိုင်ငံရှိ မိုခါမုန်တိုင်းဘေးသင့်ပြည်သူများထံသို့ တရုတ်နိုင်ငံမှပေးပို့သည့် အကူအညီပစ္စည်းများအား လွှဲပြောင်းလက်ခံ

**ရန်ကုန် ဇူလိုင် ၂၁**

မိုခါမုန်တိုင်းဒဏ်သင့် မြန်မာပြည်သူများထံသို့ လူသားချင်း စာနာထောက်ထားမှုအရ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပေးပို့သည့် အမေရိကန်ဒေါ်လာ ခန့်မှန်း ၁၇၂၀၆၈ ခန့်တန်ဖိုးရှိ အလှူပစ္စည်းများ တန်ချိန်စုစုပေါင်း ၁၉၀ ဒသမ ၂၄၁ တန်ခန့်သည်



ယနေ့နံနက်ပိုင်းတွင် အလုံမြို့နယ်ရှိ မြန်မာစက်မှုဆိပ်ကမ်း (MIP) သို့ China Aid Cargo (SEOUL GLOW)သင်္ဘောဖြင့် ရောက်ရှိလာသည်။

ရောက်ရှိလာသည့် အလှူပစ္စည်းများကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Chen Hai နှင့် သံရုံးတာဝန်ရှိသူများကလိုက်လံကြည့်ရှုကြသည်။

ထို့နောက် သံအမတ်ကြီးက အလှူပစ္စည်းများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လှူဒါန်းမှုအတွက် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ (ကိုယ်စား) ကျေးဇူးတင် ရှိပါကြောင်းနှင့် မုန်တိုင်းဒဏ်သင့် ပြည်သူများထံသို့ အမြန်ဆုံး ရောက်ရှိရေး ဆက်လက်ပေးပို့ သွားမည်ဖြစ်ကြောင်း ပြောကြား သည်။

လေဘေးသင့် ပြည်သူများ ထံသို့ လှူဒါန်းသည့်ပစ္စည်းများမှာ ခေါက်ဆွဲခြောက် ဖာ ၄၀၀၀၊ မီးစက် အလုံး ၄၀၀၊ ရေစုပ်စက်အလုံး ၂၀၀၊ မိုးကာတဲ အလုံး ၁၇၀၀၊ စောင်အထည် တစ်သောင်း၊ ခြင်ထောင်အလုံး တစ်သောင်း၊ ခရီးဆောင်ဆိုလာမီးအိမ် အလုံး တစ်သောင်း၊ ကလိုရင်းဒိုင်အောက်ဆိုက် ပိုးသတ်ဆေးပြား ပုလင်းနှစ်သိန်း၊ ရေဆူပိုးသတ်ဆေးပြား အတောင့် ၅၀၀ တို့ ဖြစ်ပြီး ၎င်းပစ္စည်းများကို ပေ ၄၀ ကုန်သေတ္တာ ၁၁ လုံး၊ ပေ ၂၀ ကုန်သေတ္တာ တစ်လုံးတို့ဖြင့် တင်ဆောင်လာပြီး ရေကြောင်း ခရီးဖြင့် ရောက်ရှိလာခြင်းဖြစ်ကြောင်းနှင့် မုန်တိုင်းသင့်ဒေသများသို့ သင်္ဘောဖြင့် အမြန်ပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

ဆန်းကျော်ဦး(ပြန်/ဆက်)

# နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သည့်နေရာတွင် ခရီးသွားလုပ်ငန်းသည် အရေးပါသည့်ကဏ္ဍတစ်ခုဖြစ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် လက်ရှိခရီးသွားလုပ်ငန်းအခြေအနေများကို ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံမှ ရှုမြင်သုံးသပ်ပြီး ရလဒ်ကောင်းများဖော်ထုတ်

နေပြည်တော် ဇူလိုင် ၂၁

**မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Hotel Max၊ Kumudra Ballroom ၌ ကျင်းပရာ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ် တက်ရောက်အမှာစကားပြောကြားသည်။**




အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးခွဲတာဝန်ခံများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က ယနေ့ ကျင်းပပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲ ရည်ရွယ်ချက်မှာ ၂၀၂၃ ခုနှစ် ဇွန် ၂၁ ရက်တွင် ကျင်းပပြုလုပ်ခဲ့သော (၁/၂၀၂၃) ကြိမ်မြောက် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ အစည်းအဝေးက ပေါ်ထွက်လာသည့် ဆွေးနွေးဆုံးဖြတ်ချက်များကိုအခြေခံပြီး ခရီးသွားလုပ်ငန်းကို အရှိန်အဟုန်ဖြင့် ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် ဆောင်ရွက်သင့်၊ ဆောင်ရွက်ထိုက်သည့် လုပ်ငန်းများကို ဝိုင်းဝန်းညှိနှိုင်းဖော်ထုတ်နိုင်ရန် ကျင်းပခြင်းဖြစ်ပါကြောင်း။

**အရေးပါသည့်ကဏ္ဍတစ်ခုဖြစ်**

နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သည့်နေရာတွင် ခရီးသွားလုပ်ငန်းသည် အရေးပါသည့် ကဏ္ဍတစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်အတွက် လက်ရှိခရီးသွားလုပ်ငန်းအခြေအနေများကို ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံမှ ရှုမြင်သုံးသပ်ပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရလဒ်ကောင်းများ ဖော်ထုတ်ပေးကြရန် ဖြစ်ပါကြောင်း၊ ရရှိလာသည့် အဖြေများအပေါ် အစိုးရဌာနအဖွဲ့အစည်းများနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာပုဂ္ဂလိကကဏ္ဍများက ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ စိတ်အားထက်သန်စွာ ပူးပေါင်းပြီး ဆောင်ရွက်မှသာ အောင်မြင်တိုးတက်သည့် ခရီးသွားလုပ်ငန်းကို ဖော်ဆောင်နိုင်ပြီး နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များကို အကျိုးပြုစေမည်ဖြစ်ပါကြောင်း။



ယနေ့ အလုပ်ရုံဆွေးနွေးပွဲတွင် ခရီးသွားလုပ်ငန်းဆိုင်ရာ အဓိကအရေးပါသည့် (Key Tourism Issues) ကဏ္ဍ (၅)ရပ်ကို ရွေးချယ်ပြီး သက်ဆိုင်ရာဆက်စပ်ဌာနများနှင့် ပုဂ္ဂလိကကိုယ်စားလှယ်များက ပါဝင်ဆွေးနွေးတင်ပြကြမည်ဖြစ်၍ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ဖော်ထုတ်နိုင်မည် ဖြစ်ပါကြောင်း။

ယနေ့ကျင်းပပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲမှ ဖော်ထုတ်ရရှိချက်များအပေါ် ဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများ၊ အကြံပြုချက်များနှင့် လက်တွေ့အကောင်အထည်ဖော်နိုင်မည့် လုပ်ငန်းများအထိ ထိထိရောက်ရောက် ဖော်ထုတ်ပေးကြရန်နှင့် တက်ရောက်လာကြသူများ အနေဖြင့် မိမိတို့ သက်ဆိုင်သည့်အခန်းကဏ္ဍများကနေ အားတက်သရော ဝိုင်းဝန်းဆွေးနွေးပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်က မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**အလှူငွေ ပေးအပ်လှူဒါန်း**

ယင်းနောက် မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက မိုခါမုန်တိုင်းဒဏ်သင့်ဒေသများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အလှူငွေကျပ် သိန်း ၅၀၀ ကို ပေးအပ်လှူဒါန်းရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က လက်ခံရယူသည်။ (ဓာတ်ပုံ)

ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှိုင်ဦးက အလုပ်ရုံဆွေးနွေးပွဲ၌ ဆွေးနွေးကြမည့် အကြောင်းအရာများနှင့် အဖွဲ့ငါးဖွဲ့ခွဲ၍ ဆွေးနွေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

**မေးမြန်းဆွေးနွေး**

ထို့နောက် ခရီးသွားလုပ်ငန်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားဧည့်သည်များ လုံခြုံစွာ ဝင်/ထွက်သွားလာရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ တိုးတက်လာစေရေး၊ ငွေကြေးသုံးစွဲမှု လွယ်ကူအဆင်ပြေစေရေးနှင့် ခရီးသွားမြှင့်တင်ရေး ရန်ပုံငွေထူထောင်ရေး၊ ခရီးသွားလုပ်ငန်း အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ခရီးသွားထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဈေးကွက်မြှင့်တင်ရေး စသည့်ခေါင်းစဉ်များဖြင့် အဖွဲ့ငါးဖွဲ့မှကိုယ်စားလှယ်များက သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် ဆွေးနွေးတင်ပြကြပြီး တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဦးလှိုင်ဦးက အလုပ်ရုံဆွေးနွေးပွဲမှ ထွက်ပေါ်လာသည့် ရလဒ်များအပေါ် အကျဉ်းချုပ်ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားသည်။

**သတင်းစဉ်**

---

◆ *ရွှေဖုံးမှ*

"ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူတွေက သီးနှံဝင်ငွေ တိုးပွားစေရန်အတွက် စားဖိုဆောင်သီးနှံတွေဖြစ်တဲ့ ခရမ်းချဉ်၊ ပန်းမုန်လာ၊ မုန်ညင်း၊ မုန်လာဥ၊ ဆလတ်၊ ခရမ်း၊ ချဉ်ပေါင်၊ ကန်စွန်း၊ ရုံးပတီ၊ ကြက်ဟင်းခါး၊ သခွား၊ ဘူး၊ ဖရုံ၊ တိုင်ထောင်ပဲ၊ နံနံပင်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ ငရုတ် စတဲ့သီးနှံတွေကို စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်ကြတယ်။ စားဖိုဆောင်သီးနှံများ စိုက်ပျိုးရာ၌ တစ်မြို့နယ်လုံး ငရုတ်သီးနှံစိုက်ပျိုးရေးလုပ်ငန်းအနေနဲ့ စိုက်ဧက ၄၀၄ ဧက လျာထားစိုက်ပျိုးဆောင်ရွက်သွားမှာဖြစ်ပြီး ယနေ့အထိ ငရုတ်စိုက်ဧက ၄၅ ဧက စိုက်ပျိုး ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ပါတယ်။ ငရုတ်သီးနှံက ဈေးကွက်ရှိတဲ့အတွက် တောင်သူတွေက အားထားစိုက်ပျိုးလုပ်ကိုင်ကြတယ်။ တောင်သူတွေ အများဆုံးစိုက်ပျိုးတဲ့ ငရုတ်သီးနှံကတော့ သာမိ – ၁၁ ငရုတ်မျိုးဖြစ်ပြီး ငရုတ်ပွနဲ့ ကုလားအော်သီး ငရုတ်မျိုးကိုလည်း စိုက်ပျိုးကြပါတယ်။ သီးနှံများစိုက်ပျိုးရာတွင် တောင်သူတွေကို အခက်အခဲမရှိအောင် GAP စိုက်ပျိုးရေး နည်းစနစ်တွေနဲ့ သွင်းအားစုပစ္စည်း အသုံးပြုပုံနည်းစနစ်တွေကို ကွင်းဆင်းကြီးကြပ်ပြီးတော့ တောင်သူပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးနေပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများသည် စိုက်ပျိုးရေ အဆင်ပြေမှုနှင့် စိုက်ပျိုးမြေကောင်းမွန်သည့်အတွက် (နွေ၊ မိုး၊ ဆောင်း) တစ်နှစ်ပတ်လုံး စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်ကြပြီး သီးနှံများစိုက်ပျိုးရာ၌ ဒေသတွင်း စားနပ်ရိက္ခာဖူလုံစေရန်နှင့် သီးနှံဝင်ငွေတိုးပွားစေရေးအတွက် ဈေးကွက်ရှိသည့် စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း စသည့် ဆီထွက်သီးနှံများနှင့် ပဲမျိုးစုံသီးနှံများကို စိုက်ပျိုးသည့်အပြင် သီးနှံအပိုဝင်ငွေတိုးပွားရေးအတွက် စားဖိုဆောင်သီးနှံ စိုက်ပျိုးရေးလုပ်ငန်းကိုလည်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးလုပ်ကိုင်ကြကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

**ဓာတ်ပုံ – ရဲဝင်းနိုင်(ပြန်/ဆက်)**

---

## ပန်ဆောင် - လောက်လှိုင် - နမ္မလစ် - နန်းယွန်းလမ်း ပြုပြင်ထိန်းသိမ်းဆောင်ရွက်

**ပန်ဆောင် ဇူလိုင် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ်အတွင်းရှိ တောင်ပေါ်ဒေသဖြစ်သော ပန်ဆောင်မြို့သည် မိုးများသောဒေသဖြစ်၍ မိုးတွင်းကာလတွင် တောင်ကျရေများ ကျဆင်းလာပြီး ရေတိုက်စားမှုများကြောင့် ပန်ဆောင်–လောက်လှိုင်–နမ္မလစ်–နန်းယွန်း လီဒိုလမ်းအပိုင်း၌ မြေပြိုမှုများ၊ သစ်ပင်ကြီးများ ပြိုလဲကြမှုများ မကြာခဏဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။



ထိုသို့ ဖြစ်ပေါ်မှုကြောင့် ပန်ဆောင်မြို့ရှိ လမ်းဦးစီးဌာနသည် သဘာဝဘေးဒဏ်ကြောင့် ဖြစ်ပေါ်လာရသော လမ်းပိတ်ဆို့မှုများကဲ့သို့ အရေးပေါ်လုပ်ငန်းများ ဆောင်ရွက်နေသည့်အပြင် ရေရှည်တည်တံ့ခိုင်မြဲစွာ အသုံးပြုနိုင်ရန် ရည်ရွယ်၍ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာတွင် ပန်ဆောင်မြို့ လမ်းဦးစီးဌာနက တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများသည် လမ်းပြုပြင်ထိန်းသိမ်းရေးနှင့် ယာဉ်မတော်တဆမှုများ မဖြစ်ပေါ်ရအောင် လမ်းဘေးဝဲယာ ချုံနွယ်ပေါင်းပင်များ ရှင်းလင်းခြင်း၊ ချိုင့်ခွက်များ ယာယီဖာထေးခြင်း၊ ပွဲ့ကျနေသော လမ်းပခုံးများကို ယာယီမြေထိန်းနံရံများ ပြုလုပ်ထိန်းသိမ်းခြင်း၊ ရေစီးရေလာ ကောင်းမွန်ရန် ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ လမ်းနယ်သိရှိရန်နှင့် အတားအဆီးသဘောမျိုးအတွက် (Guard Post) မှတ်တိုင်များ စိုက်ထူခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

**ဂျာယော်(ပန်ဆောင်)**

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)၊ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP) ကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲကျင်းပ





နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ (NDAA)၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးစဉ်။

နေပြည်တော် ဇူလိုင် ၂၁

နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)၊ အမျိုးသားဒီမိုကရက်တစ် မဟာမိတ်အဖွဲ့ (NDAA)နှင့် ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP) ကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ ကျင်းပပြုလုပ်သည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး၊ ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်နှင့် ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ၊ “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)မှ ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကု၊ အမျိုးသားဒီမိုကရက်တစ် မဟာမိတ်အဖွဲ့(NDAA)မှ ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP)မှ ဒုတိယဥက္ကဋ္ဌ (၃) စဝ်ဆေပိုင်ဖတို့ ဦးဆောင်သည့် ငြိမ်းချမ်းရေး ဆွေးနွေးရေးကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် နှစ်ရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ နှစ်ဖက်သဘောထားများကို ထပ်မံဆွေးနွေးကြပြီး အပြီးသတ်ရရှိလာသည့် သဘောတူညီချက်များကို အတည်ပြုလက်မှတ်ရေးထိုး၍ အပြန်အလှန်လဲလှယ်ကြသည်။ (ဝဲပုံ)

ယင်းနောက် တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကိုယ်စား “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)မှ ဒုတိယဥက္ကဋ္ဌ ဦးလော့ယာကုနှင့် ငြိမ်းချမ်းရေး ဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့က နိဂုံးချုပ်အမှာစကားများ ပြောကြားကြပြီး ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေသော ကမ္ဘာ့ရေးရာ၊ မြန်မာ့ရေးရာ၊ တိုင်းရင်းသားရေးရာစာအုပ်များနှင့် လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဦးအောင်သော် အာဆီယံ - တရုတ်ဗဟိုဌာနအတွင်းရေးမှူးချုပ် မစ္စတာ ရှေကျုံးကျွင်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် ဇူလိုင် ၂၁

**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့အခြေစိုက် အာဆီယံ- တရုတ်ဗဟိုဌာန အတွင်းရေးမှူးချုပ် မစ္စတာ ရှေကျုံးကျွင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံ သည်။** (ယာပုံ)

တွေ့ဆုံစဉ် ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ခရီးသွားဧည့်သည်များ အပြန်အလှန် သွားလာလည်ပတ်ရေးနှင့် ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်သွားရေး၊ မြန်မာနိုင်ငံသို့ တရုတ်ခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်ရေးနှင့် ခရီးသွားလုပ်ငန်း မြှင့်တင်ရေးအတွက် အာဆီယံ-တရုတ်ဗဟိုဌာနနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး၊ တရုတ်နိုင်ငံ၌ ကျင်းပသည့် နိုင်ငံတကာခရီးသွားပြပွဲများ၊ ပွဲတော်များနှင့် ကုန်စည်ပြပွဲများသို့ ဖိတ်ကြားရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် ဘာသာရပ်တာဝန်ခံများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဘုတလင်မြို့နယ်၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



ဘုတလင် ဇူလိုင် ၂၁

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူး၍ ၂၀၂၃ ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက အခြေခံပညာ အလယ်တန်း(ခွဲ) ကျောင်း(ခုံမင်းကြီး)၌ကျင်းပသည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းနိုင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုးမင်းသူနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ယူကလစ်၊ မဲဇလီ၊ လျှော်ဖြူ ပျိုးပင် အပင် ၅၀၀ အား စုပေါင်းစိုက်ပျိုးပေးကြသည်။ (ဝဲပုံ)

ဘုတလင်မြို့နယ်တွင် သစ်တောဦးစီးဌာနအနေဖြင့် ၂၀၂၃ ခုနှစ် မိုးရာသီ၌ ဌာနဆိုင်ရာများ၊ လူထုဖြန့်ဝေရန် ပျိုးပင်ပေါင်း ၅၀၀၀ ပျိုးထောင်ထားရှိပြီး နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်ဖြင့် မျှင်ဝါး အပင် ၅၀၀ ကိုလည်း ပျိုးထောင်ထားရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနများမှ အရာထမ်းများအတွက် အင်္ဂလိပ်စာမွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၂၃)နှင့် အမှုထမ်းများအတွက် အင်္ဂလိပ်စာကျွမ်းကျင်မှု သင်တန်းအမှတ်စဉ်(၁/၂၀၂၃) သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၂၁**
နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနများမှ အရာထမ်းများအတွက် အင်္ဂလိပ်စာမွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၂၃) နှင့် အမှုထမ်းများအတွက် အင်္ဂလိပ်စာကျွမ်းကျင်မှု သင်တန်းအမှတ်စဉ် (၁/၂၀၂၃) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်ရှိ လောကနတ်ခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။ **(ယာပုံ)**



အဆိုပါသင်တန်းဆင်းပွဲအခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ Nay-pyitaw State Academy (NSA)မှ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ယင်းသင်တန်းများကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ နေပြည်တော်၌ မေ ၃၀ရက်မှ ဇူလိုင် ၂၁ ရက်အထိ အပတ်စဉ် အင်္ဂါနေ့၊ ဗုဒ္ဓဟူးနေ့နှင့် ကြာသပတေးနေ့များတွင် မွန်းလွဲ ၃ နာရီခွဲမှ ၅ နာရီခွဲအထိ ရက်သတ္တရှစ်ပတ်ကြာတစ်ပြိုင်တည်း သီးခြားစီ ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်သည်။

အရာထမ်းများအတွက် သင်တန်းတွင် အခြေခံအင်္ဂလိပ်စာ 4 Skills ဖြစ်သည့် Reading၊ Writing၊ Listening၊ Speaking Skills များမွမ်းမံလေ့ကျင့်ပေးခြင်း၊ ရုံးစာရေးသားမှုများဖြစ်သည့် Note Verbal ရေးသားနည်းများ၊ Speech ရေးသားနည်းများ၊ သဝဏ်လွှာရေးသားနည်းများ၊ Conference Meeting များပြင်ဆင်ဆောင်ရွက်ခြင်း စသည်တို့ကို လေ့ကျင့်သင်ကြားပေးခြင်းများနှင့် Intercultural communication ဆိုင်ရာများ သင်ကြားပို့ချပေးခြင်း၊ Group Presentation များဖြင့် လက်တွေ့လေ့ကျင့်ပေးခြင်း စသည်တို့ကို သင်ကြားပို့ချခဲ့ပြီး အမှုထမ်းများအတွက် သင်တန်းတွင် အခြေခံအင်္ဂလိပ်စာ 4 Skills စွမ်းရည်များ မြှင့်တင်ပေးခြင်းနှင့် Grammar များ မှန်ကန်စွာအသုံးပြုတတ်စေခြင်း၊ Communication Skills နှင့် Presentation Skills များ မြှင့်တင်ပေးခြင်း၊ ကိုယ်ရေးရာဇဝင်အကျဉ်း ဖြည့်စွက်ရေးသားခြင်း၊ Email ရေးသားခြင်း၊ Visa Form ဖြည့်စွက်ခြင်း၊ ဘဏ်များနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ Intercultural Communication ဆိုင်ရာများ စသည်တို့ကိုလည်း သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနများမှ အရာထမ်းများနှင့် အမှုထမ်းများ စုစုပေါင်း ၅၇ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းတွင် အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင်စွာ ရေးသားပြောဆိုဆက်သွယ်ဆောင်ရွက်နိုင်စေရန်နှင့် လက်တွေ့လုပ်ငန်းနယ်ပယ်တွင် ထိရောက်စွာအသုံးချနိုင်ရန်အတွက် လေ့ကျင့်သင်ကြားပို့ချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ်ကိုယ်စားပြု ကဏ္ဍအလိုက်ထူးချွန်ဆုများရရှိသည့် ဌာနဆိုင်ရာများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်နှင့် အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်

**မြစ်ကြီးနား ဇူလိုင် ၂၁**
ကချင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍစုံ၊ ဘက်စုံမှ ပြည်နယ်ကိုယ်စားပြု၍ ကဏ္ဍများအလိုက် ထူးချွန်ဆုတံဆိပ်များရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြသော ဌာနဆိုင်ရာများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အားကစားသမားများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်းအတွင်းရှိ ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်က မိမိတို့အနေဖြင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးစသည့်ကဏ္ဍများကို တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ ဆုတံဆိပ်များကို ရရှိခဲ့ခြင်းသည် မိမိတို့၏ကြိုးပမ်းမှုများ၏ အကျိုးရလဒ်ပင်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ မိမိတို့ ကချင်ပြည်နယ်အတွက် ကဏ္ဍများအလိုက် ထူးချွန်ဆုများရရှိအောင် ကြိုးစားစွမ်းဆောင်ခဲ့သူများကို ပြည်နယ်ကိုယ်စား အထူးပင် ကျေးဇူးတင်ရှိပါကြောင်းနှင့် နောင်ကိုလည်း ယခုထက်ပို၍ ကြိုးစားစွမ်းဆောင်ကြရန်လိုအပ်ပါကြောင်း ဂုဏ်ပြုပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တွင် နိုင်ငံ့စီးပွားဖွံ့ဖြိုးမှုလုပ်ငန်းနှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေတို့မှ အသင်းဖွံ့ဖြိုးရေးအတွက် အများဆုံးစွမ်းဆောင်ရွက်နိုင်သည့် ဒုတိယဆုရရှိခဲ့သော ပြည်နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်ချောစုလှိုင်အားလည်းကောင်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် ပြည်နယ်စီးပွားရေးရာဝန်ကြီးတို့က ကဏ္ဍပေါင်းစုံဆောင်ရွက်နိုင်သည့် ပထမဆုနှင့်သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစီးစွမ်းဆောင်နိုင်သည့် စွမ်းဆောင်ရည်အကောင်းဆုံးဆုရရှိခဲ့သော မြစ်ကြီးနားမြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဒေါ်နိုင်နိုင်မော်အားလည်းကောင်း၊ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်းဖြင့် ဆောင်ရွက်ခြင်း၌ ဗန်းမော်မြို့နယ် မံရေးကျေးရွာ အလင်းသစ်ကော်မတီမှ လုပ်ငန်းဆောင်ရွက်ရာတွင် ဌာန၏ကြီးကြပ်ကွပ်ကဲမှု အားကောင်းခြင်း တတိယဆုရမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနကိုယ်စား ပြည်နယ်ဦးစီးမှူး ဦးရဲမင်းကျော်အားလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ချီးမြှင့်ပေးအပ်ကြသည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်ဥပဒေချုပ်တို့က ၂၀၂၃ ခုနှစ် ထူးချွန်ကြက်ခြေနီ အမျိုးသမီးအဖြစ် ရွေးချယ်ခြင်းခံရသော ဒေါ်ခိုင်မာဦး၊ ၂၀၂၃ ခုနှစ် မရမ်းကုန်းမြို့နယ် MCC ခန်းမ၌ ကျင်းပခဲ့သည့် IKO Myanmar Karate ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေတံဆိပ် ခြောက်ခုနှင့် ငွေတံဆိပ် ခြောက်ခုရရှိအောင် စွမ်းဆောင်နိုင်သော ပြည်နယ်ကျို့ရှင်းကရာတေးအသင်းမှ ကရာတေး ကစားသမားများနှင့် ၂၀၂၃ ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် မျိုးဆက်သစ်ကရာတေး လူရွေးချယ်ပြိုင်ပွဲသို့ ပြည်နယ်ကိုယ်စားပြုသွားရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ရွှေတံဆိပ်ဆုနှင့် ကြေးတံဆိပ် ဆွတ်ခူးရရှိခဲ့သော ကစားသမားများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ကြရာ ကချင်ပြည်နယ်အစိုးရအဖွဲ့က ဂုဏ်ပြုချီးမြှင့်ခြင်းခံရသူများကိုယ်စား ပြည်နယ်သမဝါယမဦးစီးဌာန ဦးစီးမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**ပြည်နယ် (ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး၌ ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ ကျင်းပ

**မကွေး ဇူလိုင် ၂၁**
မကွေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး ၂၀၂၃ - ၂၀၂၄ ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက မကွေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဥပဒေချုပ် ဦးတင့်ဝေ၊ တိုင်းဒေသကြီး ဥပဒေအရာရှိ ဒေါ်မိသန္တာမြင့်၊ ခရိုင်/မြို့နယ်ဥပဒေအရာရှိများ၊ အမှုထမ်းများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်သည်။ **(ဝဲပုံ)**



အခမ်းအနားတွင် တိုင်းဒေသကြီး ဥပဒေချုပ်က ဌာန၏မိသားစုဝင်များမှ ထူးချွန်ထက်မြက်သည့် ပညာတတ်အနာဂတ်မျိုးဆက်သစ်များ ပေါ်ထွက်လာစေရန် ပညာသင်ကြားနေသည့် ကျောင်းသားကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ခြင်းဖြစ်ကြောင်း၊မိမိတို့ဌာနရှိ ဝန်ထမ်းများ၏ကျောင်းနေအရွယ် ကျောင်းသား ကျောင်းသူများ အားလုံး ပညာသင်ကြေး ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဥပဒေချုပ်နှင့် တိုင်းဒေသကြီး ဥပဒေအရာရှိတို့က ကျောင်းသားကျောင်းသူ ၂၁ ဦးကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ပညာသင် ထောက်ပံ့ကြေးများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုစည်သူ(မကွေး)**

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် ဇူလိုင် ၂၁**
မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ **မိုး/ဇလ**

# ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်ရေးအတွက် ကုန်သွယ်မှုမြှင့်တင်ရေးသင်တန်းဆွေးနွေးပွဲမှ လေ့လာသိရှိခဲ့သည့် ဗဟုသုတများမျှဝေ

**နေပြည်တော် ဇူလိုင် ၂၁**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရန် ရည်ရွယ်ပြီး Knowledge Sharing Programme (KSP) သောကြာနေ့စကားဝိုင်း (Friday Talk)၏ အမှတ်စဉ်(၂၂) ဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ယနေ့ဆွေးနွေးမည့်ခေါင်းစဉ်ပါ အာဆီယံဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်း ဆောင်ရွက်မှု (Regional Comprehensive Economic Partnership– RCEP) သဘောတူစာချုပ်ကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံမှ ပါဝင် လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ အဆိုပါ RCEP သဘောတူစာချုပ်တွင် အာဆီယံ ၁၀ နိုင်ငံနှင့် ဩစတြေးလျ၊ နယူးဇီလန်၊ တရုတ်၊ ကိုရီးယား၊ ဂျပန် နိုင်ငံ ၁၅ နိုင်ငံပါဝင်ပြီး ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (World Trade Organization– WTO) နှင့် ကနဦး ပူးတွဲကြေညာချက် (Joint Statement Initiative) ပြုလုပ်ထားပါကြောင်း၊ ယင်းစာချုပ်အရ မြန်မာနိုင်ငံသည် ဒေသတွင်းနိုင်ငံများအပြင် ကမ္ဘာ့နိုင်ငံများအထိ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်မည့် အခွင့်အလမ်းများရရှိလာနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံ၏စီးပွားရေးတိုးတက်စေရေးအတွက် ထုတ်လုပ်ခြင်း (Production)၊ ဖြန့်ဖြူးခြင်း (Distribution) နှင့် ဈေးကွက်ရရှိအောင်ဆောင်ရွက်ခြင်း (Marketing) တို့သည် အဓိကမောင်းနှင်အားများ ဖြစ်ပါကြောင်း၊ ယနေ့ကမ္ဘာကြီးသည် စီးပွားရေးခေတ်သစ်သို့ ရောက်ရှိနေပြီဖြစ်၍ နည်းပညာများတိုးတက်လာသည့်အပြင် စာရင်းဇယားများ (Statistic Data)၊ Artificial Intelligent– AI နည်းပညာ၊ E–Commerce၊ Digital Trade၊ E–Payment System နှင့် Cashless System များကို အသုံးပြုနေပြီဖြစ်ပါကြောင်း၊ RCEP သဘောတူ စာချုပ်၌ ခေတ်နှင့်လျော်ညီစွာ အီလက်ထရောနစ် ကူးသန်းရောင်းဝယ်ရေးအခန်း (E–Commerce) ကို ထည့်သွင်းချုပ်ဆိုထားသည့်အတွက် မြန်မာနိုင်ငံ အနေဖြင့် ကုန်သွယ်မှု၊ ကူးသန်းသွားလာမှု၊ ပို့ကုန် သွင်းကုန်တိုးတက်မှု၊ ငွေကြေးဖလှယ်မှု၊ လူမျိုးအချင်းချင်း(People to People)နှင့် ယဉ်ကျေးမှုအချင်းချင်း (Culture to Culture) တို့တွင် ပိုမိုပူးပေါင်းဆောင်ရွက် လာနိုင်မည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် ယနေ့ပြုလုပ်သည့် ဆွေးနွေးပွဲမှရရှိသော အသိပညာ၊ ဗဟုသုတများကို အကျိုးရှိရှိအသုံးချပြီး နိုင်ငံ၏စီးပွား ရေးဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြှင့်တင်နိုင်ရေး အတွက် စွမ်းအားအပြည့်ဖြင့် ကြိုးပမ်းဆောင်ရွက် သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။ (ဓါတ်ပုံ)



ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးရုံး ဒုတိယ ညွှန်ကြားရေးမှူးက “ ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးအတွက် ကုန်သွယ်မှုမြှင့်တင် ရေးဆွေးနွေးပွဲမှ လေ့လာသိရှိခဲ့သည့် ဗဟုသုတများကို မျှဝေခြင်း” ခေါင်းစဉ်ဖြင့် ရှင်းလင်းဆွေးနွေးပြောကြား ပြီး တက်ရောက်လာကြသူများက ဆွေးနွေးမှုခေါင်းစဉ် နှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို ပြန်လည် မေးမြန်းဆွေးနွေးခြင်း၊ ဖြည့်စွက်ဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ဆွေးနွေးပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဝါဝါမောင်၊ ဌာနဆိုင်ရာအဆင့်မြင့်အရာရှိများနှင့် အရာထမ်း / အမှုထမ်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီ များညွှန်ကြားမှုဦးစီးဌာန၊ ရုံးချုပ်နှင့်တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံးများမှ တာဝန်ရှိသူများ တက်ရောက် ကြသည်။

**သတင်းစဉ်**

# မုံရွာမြို့၌ စားရေရိက္ခာဖူလုံရေး ဟင်းသီးဟင်းရွက်၊ စားပင်သီးပင်နှင့် အိမ်တွင်းအလှစိုက်ပင်များ ပျိုးထောင်ပြုစုခြင်းနည်းပညာသင်တန်းဖွင့်ပွဲ ကျင်းပ

**မုံရွာ ဇူလိုင် ၂၁**

စားရေရိက္ခာဖူလုံရေး အထောက်အကူပြု ဟင်းသီးဟင်းရွက်၊ စားပင်သီးပင်နှင့် အိမ်တွင်းအလှစိုက်ပင်များ ပျိုးထောင်ပြုစုခြင်း နည်းပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော် တက်ရောက်သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မိမိတို့ နေ့စဉ် စားသုံးနေကြသည့် စားရေရိက္ခာများတွင် ကျန်းမာရေးနှင့်ညီညွတ်သည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများလိုအပ်ပြီး နေ့စဉ်လိုအပ်လျက်ရှိသည့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများနှင့် နှစ်ရှည်စားပင်သီးပင်များကို ခေတ်မီနည်းစနစ်ကျကျ စိုက်ပျိုးပြုစုမှသာ အရည်အသွေးကောင်းများ ရရှိလာမည် ဖြစ်ပါကြောင်း ပြောကြားသည်။ **(ယာပုံ)**

ယင်းနောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းလှိုင်ဦးက သင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အဆိုပါ စားရေရိက္ခာဖူလုံရေး အထောက်အကူပြု ဟင်းသီးဟင်းရွက်၊ စားပင်သီးပင်နှင့် အိမ်တွင်း အလှစိုက်ပင်များ ပျိုးထောင်ပြုစုခြင်း နည်းပညာ သင်တန်းကို ဇူလိုင် ၂၁ ရက်မှ ၂၃ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်ရာ သင်တန်းသား သင်တန်းသူ ၅၀ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**



# ပညာရေးစာရင်းအင်းဆိုင်ရာ အမျိုးသားအဆင့် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇူလိုင် ၂၁**

ပညာရေး စာရင်းအင်းဆိုင်ရာ အမျိုးသားအဆင့် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန၌ ကျင်းပသည်။ **(အောက်ပုံ)**

အစည်းအဝေးတွင် ပညာရေး စာရင်းအင်းဆိုင်ရာ အမျိုးသား အဆင့် ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီး ဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်းက အဖွင့်အမှာ စကားပြောကြားပြီး ပညာရေး စာရင်းအင်းဆိုင်ရာ အမျိုးသား အဆင့် ပေါင်းစပ်ညှိနှိုင်းရေး ကော်မတီအတွင်းရေးမှူး ပညာ ရေး သုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြား ရေးမှူးချုပ် ဒေါက်တာသန်းသန်း မြင့်က ကော်မတီ၏ ဆောင်ရွက် ထားရှိမှုနှင့် လုပ်ငန်းတာဝန်များ ကို ရှင်းလင်းတင်ပြသည်။



ယင်းနောက်အစည်းအဝေးသို့ တက်ရောက်လာသည့် ဆက်စပ် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ က ပညာရေးစာရင်းအင်းဆိုင်ရာ များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြ ကြောင်း သိရသည်။ **သတင်းစဉ်**

# တောင်ကြီးမြို့၌ လူငယ်စကားဝိုင်း ကျင်းပ

**တောင်ကြီး ဇူလိုင် ၂၁**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် လူငယ်လူရွယ်များ အသိပညာ ဗဟုသုတရရှိစေရန် အသိပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းကို တောင်ကြီးမြို့ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ချုပ်မှုတာဝန်ခံအရာရှိ ဗိုလ်မှူး နိုင်လင်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးနိုင်ဝင်းထွန်းက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ကာ အမှတ် (၇) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့် နည်းပညာ၊ လူငယ်နှင့်စာဖတ်ခြင်း၊ လူငယ်နှင့်မူးယစ်ဆေး၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့်ပြည်သူ့နီတိ စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ဇော်နိုင်လင်း(ပြန်/ဆက်)**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၂၁**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်များရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန် တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ မဟာဝိဇိတာရုံကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ မဟာခိုနန်းကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူး မြို့နယ်ရှိ သမ္မိဒ္ဓေါဒယကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ စိန်ဟသ်ာတကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ ရွာမ ကျောင်းတိုက်၊ လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်ရှိ သဒ္ဓမ္မသိဒ္ဓိကျောင်း တိုက်၊ ရွှေပြည်သာမြို့နယ်ရှိ ဓမ္မသုခပရိယတ္တိစာသင်တိုက်နှင့် အင်းစိန် မြို့နယ်ရှိ အနန္တဂုဏ်ရည်ကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ သာသနာ့ရောင်ခြည် ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိအကောက် ဝန်မင်းကျောင်းတိုက်၊ အောင်မြေသာစံမြို့နယ်ရှိ မင်္ဂလာရာမ ရွှေဘို ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ မဟာဂန္ဓာရုံကျောင်းတိုက်နှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ လွယ်လုံပညာဗောဓိပရဟိတကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကို လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မှုနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲပြုလုပ်

**နေပြည်တော် ဇူလိုင် ၂၁**

ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မှုနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ မာရဝိဇယရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ် အတွင်းရှိ ယာယီရှင်းလင်းဆောင်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ရှင်းလင်းပြောကြားခဲ့ပြီး **(အောက်ပုံ)** သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။



## ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်း

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီး သာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီး ငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့် ရည်ရွယ်ချက်(၄)ရပ်ဖြင့် တည်ထားကိုးကွယ်ရေး ဆောင်ရွက်ခဲ့မှု၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဆိုင်ရာ အချက်အလက်များနှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်း ထည့်သွင်း တည်ဆောက်ထားရှိသည့် သာသနိက အဆောက်အဦများ၊ ကျောက်စာရုံ စေတီတော်များဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် ရုပ်ပွားတော်မြတ်ကြီးနှင့် ကြီးမားကျယ်ပြန့်ပြီး ခမ်းနားထည်ဝါလှသည့် ဗုဒ္ဓဥယျာဉ်တော် သာသနာ့နယ်မြေကို တည်ဆောက်ခဲ့ရာတွင် ငွေအင်အား၊ လူအင်အား အများအပြားဖြင့် နေ့မနား၊ ညမအား ကြိုးစား၍ ဗုဒ္ဓဘာသာသာသနာ ရောင်ဝါနေသို့ လင်းစေရေး ဆောင်ရွက်ခဲ့ရမှုများကို ရှင်းလင်းပြောကြားရာ၌ ရုပ်ပွားတော်မြတ်ကြီးဖြစ်လာမည့် စကျင်ကျောက်တော်ကြီး လက်ခံရရှိခဲ့မှုနှင့် အင်ဂျင်နီယာပိုင်းဆိုင်ရာ အသေးစိတ်တွက်ချက်မှုများ ဆောင်ရွက်ခဲ့ရမှု၊ စကျင်ကျောက်တော်ကြီးကို နေပြည်တော်သို့ ရောက်ရှိနိုင်ရေးအတွက် ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းတို့ကို အသေးစိတ်တွက်ချက်ဆောင်ရွက်၍ ကြိုးပမ်းသယ်ယူပင့်ဆောင်ခဲ့ရမှု၊ နေပြည်တော်သို့ ပင့်ဆောင်နေချိန်နှင့် တစ်ပြိုင်တည်း၌ပင် နေပြည်တော်သို့ ရောက်ရှိပြီးချိန်၌ စတင်ထုဆစ်မည့်နေရာ၊ ထုဆစ်ပြီးချိန်တွင် တည်ထားကိုးကွယ်မည့်နေရာနှင့် သာသနိကအဆောက်အဦများ ထည့်သွင်းဆောက်လုပ်နိုင်ရေးတို့အတွက်ကိုလည်း နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဟန်ချက်ညီဖြစ်အောင်ဆောင်ရွက်ခဲ့ရမှု၊ ရုပ်ပွားတော်မြတ်ကြီးကို အပိုင်း ၄ ပိုင်းဖြင့် ခွဲ၍ ထုဆစ်ပုံဖော်နိုင်ရေး စီမံဆောင်ရွက်ခဲ့ပြီး ခေတ်မီ CNC နည်းပညာအသုံးပြု၍ အဆင့်ဆင့် ထုဆစ်ပုံဖော် ဆောင်ရွက်ခဲ့ကာ ၂၀၂၂ ခုနှစ် မတ် ၃၁ ရက်တွင် ထုဆစ်ခြင်းလုပ်ငန်းများအားလုံး ပြီးစီးခဲ့မှု။

ထို့နောက် ရုပ်ပွားတော်မြတ်ကြီး၏ အပိုင်းများကို တွဲဆက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့မှုနှင့် တစ်ချိန်တည်း၌ပင် ကျောက်စာရုံစေတီစုစုပေါင်း အဆူ ၇၂၀ ကိုလည်း တည်ထားကိုးကွယ်နိုင်ရေး ဆောင်ရွက်ထားရှိမှု၊ ရုပ်ပွားတော်မြတ်ကြီး၏ အပိုင်းများကို တွဲဆက်ပြီးနောက် ရတနာပလ္လင်တော်ထက်သို့ ပင့်ဆောင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့မှုနှင့် စေတနာရှင် ရဟန်း၊ ရှင်လူ၊ မိဘပြည်သူများ လှူဒါန်းထားသည့် ဌာပနာတော်များ ထည့်သွင်းပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားများကို ကျင်းပပြုလုပ်ခဲ့မှု၊ ရုပ်ပွားတော်မြတ်ကြီးအား ပိဋကတ်တော်လာအချက်အလက်များနှင့် ညီညွတ်ပြည့်စုံစေရေးအတွက် ဥဏ္ဏာလုံ မွေးရှင်တော်ခတ် စီသွင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနားကျင်းပခဲ့မှု၊ သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုမှတ်တမ်းများ၊ ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာတွင် ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် ဆောင်ရွက်ခဲ့မှုများ။





❖ **မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီး သာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက်(၄)ရပ်ဖြင့် တည်ထားကိုးကွယ်ရေး ဆောင်ရွက်ခဲ့**

## အနေကဇာတင် မင်္ဂလာအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်သွားမည်

ဆင်းတုတော်နှင့် ပလ္လင်တော်ထုဆစ်ခြင်းလုပ်ငန်း တိုးတက်မှုမှတ်တမ်းများ၊ ရင်ပြင်တော်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ခဲ့မှုမှတ်တမ်းများ၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော်ကြီး တည်ဆောက်ရေးလုပ်ငန်းများအားလုံး ပြီးစီးသည့်အချိန်တွင် မြင်တွေ့ရမည့် အခြေအနေများကို Powerpoint Presentation များ၊ မှတ်တမ်း Video ဖိုင်များ၊ အထူးပြုလုပ်ချက်များဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ဗုဒ္ဓါဘိသေက အနေကဇာတင်လှူခြင်း၊ ကျောက်စာရုံစေတီတော်များ ထီးတော်တင်လှူခြင်းနှင့် ရေစက်ချအခမ်းအနားများကို မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆို လပြည့်နေ့(ဓမ္မစကြာနေ့)၊ ခရစ်နှစ် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် နိုင်ငံတော်အဆင့် စည်ကားခမ်းနားစွာ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ အနေကဇာတင်လှူ ပူဇော်ပွဲအခမ်းအနား၌ ပြည်ပနိုင်ငံ ၉ ခုမှ သံဃာတော်အပါး ၇၀ကျော်သည်လည်း တက်ရောက်အနေကဇာတင်မည် ဖြစ်ပါကြောင်းနှင့် မဟာမင်္ဂလာအခမ်းအနားကြီးကျင်းပနေမှုများကို ပြည်သူလူထုတစ်ရပ်လုံး ကြည့်ရှုကုသိုလ်ပွားနိုင်ရေးအတွက်လည်း နိုင်ငံပိုင်ရုပ်မြင်သံကြား Channel များမှ တိုက်ရိုက်ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် သတင်းဌာနများမှ သတင်းထောက်များ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေး အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်းက ပြန်လည်ရှင်းလင်းပြောကြားခဲ့ပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းခဲ့သည်။ ယင်းနောက် တက်ရောက်လာကြသည့် သတင်းမီဒီယာများမှ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယ ဗုဒ္ဓဥယျာဉ် တည်ဆောက်ခြင်းအတွက် ကြည်ညိုသဒ္ဓါတရား ပွားများစွာဖြင့် အလှူငွေများကို ပေးအပ်လှူဒါန်းခဲ့ရာ ဗိုလ်ချုပ် ဇော်မင်းထွန်းက လက်ခံရယူသည်။

သတင်းစာရှင်းလင်းပွဲ အပြီးတွင် လာရောက်သတင်းရယူကြသည့် ပြည်တွင်း/ပြည်ပ သတင်းဌာနများမှ သတင်းထောက်များ၊ မြန်မာနိုင်ငံ ဓာတ်ပုံဆရာများအသင်းမှ ဓာတ်ပုံပညာရှင်များက ကြည်ညိုသဒ္ဓါတရား ထက်သန်စွာဖြင့် အလှူငွေများ ထည့်ဝင်လှူဒါန်းကြသည်။

## ပြည်တွင်း ပြည်ပသတင်းဌာနများမှ သတင်းရယူ

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မှုနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ပြည်တွင်း သတင်းဌာနများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ ပြည်တွင်းရုပ်မြင်သံကြား သတင်းဌာနများ၊ပြည်ပသတင်းဌာနများမှ သတင်းထောက်များ၊ မြန်မာနိုင်ငံ ဓာတ်ပုံဆရာများအသင်းမှ ဓာတ်ပုံပညာရှင်များ လာရောက်သတင်းရယူခဲ့ကြသည်။

သတင်းစာရှင်းလင်းပွဲ အပြီးတွင် တက်ရောက် လာကြသူများသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်း လှည့်လည်ကြည့်ရှုဖူးမြော်ကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်းနှင့် စိတ်ဝင်တစား လေ့လာဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနှင့် စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်

**ဟားခါး ဇူလိုင် ၂၁**

နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အတွင်းရေးမှူးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။



ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ချင်းပြည်နယ်သည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်သည့် ပြည်နယ်ဖြစ်သော်လည်း ပထဝီအနေအထားအရ ပြည်နယ်အကျယ်အဝန်းဧက ကိုးသန်းနီးပါးရှိသည့်အနက် စိုက်ပျိုး၍ရသည့် မြေနေရာသည် ပြည်နယ်အကျယ်အဝန်း၏ တစ်ရာခိုင်နှုန်းခန့်သာ ရှိသည့်အပြင် မိုးရေကိုပအားထားရသည်ကို တွေ့ရှိရပါကြောင်း၊ သို့ဖြစ်ရာ စိုက်ကေပြည့်မီအောင် စိုက်ပျိုးရေးနှင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရွေးချယ်စိုက်ပျိုးရေးတို့ကို အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှ ချင်းပြည်နယ်၏ လူမှုစီးပွားဘဝမြှင့်တင်ပေးနိုင်ရေးအတွက် ထုတ်ချေးပေးခဲ့သည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းတိုးတက်မှုအခြေအနေကို အစည်းအဝေးတက်ရောက်လာကြသည့် ဌာနဆိုင်ရာများမှ တင်ပြပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ သမဝါယမဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ အမှတ် ( ၃) ကုန်းမြင့်လယ်ယာဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ ပြည်နယ်ဦးစီးမှူးများက မိမိတို့ဌာနအလိုက်ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ထုတ်ချေးပေးမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တင်ပြချက်များအပေါ် ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးကျော်ငြိမ်းနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး စိုးလွင်မိုးတို့က အကြံပြုဖြည့်စွက်ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

❖ *ကျောဖုံးမှ*

ဒဂုံစတားအသင်းသည် အသစ်ခေါ်ယူထားသည့် ငြိမ်းချမ်း၊ ဆွမ်လမန်အပါအဝင် ဇင်ညီညီအောင် (ဂိုး)၊ သိန်းသန်းဝင်း၊ မောင်မောင်ဝင်း၊ ဟိန်းထက်စည်သူ၊ မင်းမြတ်စိုးတို့ဖြင့် လူစုံခဲ့ပြီး ရခိုင်ယူနိုက်တက်အသင်းကလည်း ဇော်ဇော်နိုင်၊ ချမ်းငြိမ်းကျော်၊ ကောင်းစည်သူ၊ မောင်မောင်စိုး၊ ထရာအိုရေး၊ သီဟထက်အောင်တို့ဖြင့် အမာခံကစားသမားအစုံအလင်ပါဝင်ကစားခဲ့သည်။

နှစ်သင်းစလုံး ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့သော်လည်း အခွင့်အရေးများအသုံးချနိုင်သည့် ရခိုင်ယူနိုက်တက်အသင်းက ပထမပိုင်းမှာပင် နှစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ ရခိုင်ယူနိုက်တက်အသင်းအတွက် ၁၅ မိနစ်တွင် မောင်မောင်စိုးနှင့် ၂၃ မိနစ်တွင် ထရာအိုရေးတို့က ဂိုးများ သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်း ၅၄ မိနစ်တွင် ဆွမ်လမန်က ဒဂုံစတားအသင်းအတွက် ချေပဂိုးတစ်ဂိုးပြန်သွင်းခဲ့သော်လည်း တစ်မိနစ်အကြာမှာပင် သက်ထွန်းအောင်က ရခိုင်ယူနိုက်တက်အသင်းအတွက် တတိယဂိုးသွင်းယူခဲ့သဖြင့် ဒဂုံစတားအသင်း သရေမျှော်လင့်ချက် အဆုံးသတ်ခဲ့ရခြင်းဖြစ်သည်။ ယခုပွဲအတွက် အကောင်းဆုံးကစားသမားဆုကို ရခိုင်ယူနိုက်တက်တိုက်စစ်မှူး ထရာအိုရေးက ရရှိသည်။ ယခုပွဲအပြီးတွင် ရခိုင်ယူနိုက်တက်အသင်းက ၁၃ ပွဲကစား ၁၆ မှတ်၊ ဒဂုံစတားအသင်းက ၁၃ ပွဲကစား ၁၄ မှတ် ရရှိထားသည်။ ပွဲစဉ် (၁၃) ဒုတိယနေ့အဖြစ် ဇူလိုင် ၂၂ ရက် **(ယနေ့)** တွင် သုဝဏ္ဏကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် ရှောဝတီအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင် ၊ ဓာတ်ပုံ–MNL**

## နယ်စပ်ရေးရာဝန်ကြီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်းတွင် သင်တန်းများဆင်းပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၂၁**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ဗဟိုလေ့ကျင့်ရေးကျောင်းတွင် ဖွင့်လှစ်ခဲ့သည့် ငြိမ်းချမ်းရေး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်ဆိုင်ရာ ခေါင်းဆောင်မှုသင်တန်း အမှတ်စဉ်(၆)၊ အဆင့်မြင့်စက်ချုပ်နည်းပြသင်တန်း အမှတ်စဉ်(၄၁)၊ စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၁၁၁) နှင့် ခေတ်မီမော်တာ အထည်ချုပ် စက်သင်တန်းအမှတ်စဉ်(၂၇) သင်တန်းများ ဆင်းပွဲ



အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် သင်တန်းကျောင်းခန်းမ၌ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော်ထူး တက်ရောက်၍ သင်တန်းဆင်း မိန့်ခွန်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက သင်တန်း ထူးချွန်ဆုများနှင့် သင်တန်းဆင်း အောင်လက်မှတ်များကိုပေးအပ်ပြီး အထည်ချုပ်စက်ရုံများတွင် ဝင်ရောက်အလုပ်လုပ်ကိုင်မည့် သင်တန်းဆင်းသင်တန်းသူများကို အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်၍ သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

အဆိုပါ သင်တန်းများကို နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ဝန်ထမ်းများအား လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားလာစေရန်နှင့် နယ်စပ်၊ ကျေးလက်ဒေသများရှိ တိုင်းရင်းသူ အမျိုးသမီးငယ်များအား လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန် အသက်မွေးဝမ်းကျောင်း ပညာရပ်များအပြင် အလုပ်အကိုင်ရရှိရေးအတွက် အထည်ချုပ်စက်ရုံများနှင့် ချိတ်ဆက်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်ရည်ရွယ်၍ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်းနှင့် ယနေ့အထိ ခေတ်မီမော်တာ အထည်ချုပ်စက်သင်တန်းဆင်းပြီး သင်တန်းသူ ၂၉၄၁ ဦးအား အထည်ချုပ်စက်ရုံများတွင် အလုပ်ခန့်အပ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❍ *ကျောဖုံးမှ*

အုပ်စုပွဲများကို ဩဂုတ် ၇ ရက်မှ ၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၁၁ ရက်၊ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲစဉ်များကို ဩဂုတ် ၁၃ ရက်တွင် ကျင်းပမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် အုပ်စုပွဲများအဖြစ် ဩဂုတ် ၇ ရက် မြန်မာစံတော်ချိန် ည ၇ နာရီတွင် ထိုင်းအသင်း၊ ဩဂုတ် ၈ ရက် မြန်မာစံတော်ချိန် ည ၇ နာရီတွင် ဆော်လမွန်ကျွန်းစုအသင်းတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် အဆိုပါပြိုင်ပွဲကို အောက်တိုဘာတွင် ယှဉ်ပြိုင်ရမည့် ၂၀၂၄ အာရှဖလား ဖူဆယ်ခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

**ညီမြတ်သော်တာ**

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၂၁

**ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီး ဖြစ်သည်။**



ထိုသို့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယ ဗိုလ်ချုပ်ကြီး အေးဝင်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ဆန်နှင့် ထောက်ပံ့ပစ္စည်းများ ဖြန့်ဝေရေး၊ မြို့သန့်ရှင်းသာယာလှပရေး၊ အသိပညာပေး ဟောပြောပွဲများ ဆောင်ရွက်ရေး၊ ခြင်ဆေးဖျန်းခြင်း၊ မိုးစပါး အချိန်မီ ထွန်ယက် စိုက်ပျိုးနိုင်ရေးနှင့် စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းနိုင်ရေး ကိစ္စများနှင့် ပတ်သက်၍ဆွေးနွေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ယင်းနောက် ရွာမကျေးရွာအုပ်စု ရွာမအမှိုက်ကွင်းနေရာသို့ သွားရောက်ပြီး ဘူးသီးတောင် – တောင်ဘဇာလမ်းဘေး၌ ပိတ်ဆို့နေသော အမှိုက်များအား စက်ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်းနေမှုများကို ကြည့်ရှုစစ်ဆေးပြီး(ယာပုံ) လိုအပ်သည်များ မှာကြားသည်။



အလားတူ စစ်တွေမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် အောင်ကျော်မိုးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပျားလည်ချောင်းကျေးရွာရှိ စပါးစိုက်တောင်သူတစ်ဦး၏ လယ်မြေငါးဧကတွင် Gw –11 မျိုးစပါးများကို ကောက်စိုက်စက်များဖြင့် စိုက်ပျိုးနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး (ဝဲပုံ) လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး လိုအပ်သည်များ မှာကြားသည်။

ထို့အတူ ကျောက်တော်မြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် အောင်သူဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်းမ၌ ပြုလုပ်သော မော်တော်ယာဉ် ဂိတ်မှူးများ တွေ့ဆုံပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် ကစ္ဆပသီရိ ကားဝင်းအတွင်းသို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

အလားတူ မောင်တောမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် တင်ဆွေသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ပြုလုပ်သော ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်အမှာစကားပြောကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ်သို့ ကူညီကယ်ဆယ်ရေးပစ္စည်းမျိုးစုံ တန် ၇၀၀ ကျော် ပို့ဆောင်

**နေပြည်တော် ဇူလိုင် ၂၁**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှု၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်၏ သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် MV. MERCURY FORCE သင်္ဘောသည် ကာကွယ်ရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ Ooredoo Myanmar၊ သီရိလင်္ကာနိုင်ငံနှင့် ထိုင်းနိုင်ငံ (Siam Cement Group) တို့မှ ပေးပို့သည့် သစ်ခွဲသား ၄၇၈ ဒသမ ၅၁ တန်၊ သွပ် အချပ် ၁၈၅၀၊ ဒေါင့်သံ ၈၉ တန်၊ တာပေါ်လင် အချပ် ၃၀၀၊ Solar Lamp အလုံး ၂၀၂၀၊ ဆန်ခြောက်ပြည်ဝင် အိတ် ၂၀၀၀၊ စားသုံးဆီဘူး ၂၀၀၀၊ ငါးပိ ၂၁ အိတ်နှင့် အဝတ်အထည်များအပါအဝင် စုစုပေါင်းကူညီကယ်ဆယ်ရေးပစ္စည်း ၇၅၉ ဒသမ ၂၄၃ တန် တင်ဆောင်၍ ယနေ့ညနေပိုင်းတွင် The Myanmar Terminal (TMT) ဆိပ်ခံတံတားမှ စစ်တွေမြို့သို့ ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ရခိုင်ပြည်နယ်သို့ ပို့ဆောင်ပေးသည့် ကူညီကယ်ဆယ်ရေးပစ္စည်းများ။

# ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ဘူးသီးတောင်မြို့တို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဇူလိုင် ၂၁**

ဆိုင်ကလုန်းမုန်တိုင်းမိုခါတိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။



ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံနှင့် ဘူးသီးတောင်မြို့ ဦးဥတ္တမခန်းမရှေ့တို့၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက တစ်ခဲနက်ဝယ်ယူ အားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင် ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ရခိုင်ပြည်နယ် မောင်တောမြို့၌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဦးနှင့် တာဝန်ရှိသူများ အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်းရှိ အသက်ငါးနှစ်ပြည့်ပြီး KG တက်ရောက်နေသည့် ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးဝန်ထမ်းများက ဇူလိုင် ၂၀ ရက်က ဒုတိယအကြိမ် ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံပေးနေမှုများကို ကြည့်ရှုအားပေးစဉ်။

သက်လွင်စိုး(ပြန်/ဆက်)

# ၂၀၂၃ ခုနှစ် ဇူလိုင်လ တတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှ အားကောင်းနိုင်ပါသည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ခုနစ်ရက်မှ ၁၀ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် သုံးရက်မှ ခြောက်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် သုံးပေမှ ငါးပေခန့်၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေမှ နှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်မှ နှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပါသည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် သုံးပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် တစ်ပေခွဲမှ နှစ်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် သုံးပေမှ သုံးပေခွဲခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် သုံးပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် တစ်ပေခွဲမှ သုံးပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် သုံးပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် သုံးပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် တစ်ပေခွဲမှ နှစ်ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် နှစ်ပေခန့်၊ ကုလားတန်မြစ်ရေသည် ပလက်ဝမြို့နှင့် ကျောက်တော်မြို့တို့တွင် နှစ်ပေမှ သုံးပေခန့်၊ လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင် နှစ်ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် လေးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပါသည်။

မိုး/ဇလ

## ရခိုင်ပြည်နယ်၏ ပုစွန်သားပေါက်လိုအပ်ချက်ကို ရာသီအမီဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိ

**စစ်တွေ ဇူလိုင် ၂၁**

ရခိုင်ပြည်နယ်၏ ပုစွန်သားပေါက်လိုအပ်ချက်များကို ရာသီအမီဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်နေမှုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၁၉ ရက်က ကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမြို့နယ် အောင်တိုင်ကျေးရွာအနီး၌ ငါးလုပ်ငန်းဦးစီးဌာန၏ ပေါက်တောမြို့နယ် စိုးမဲကျီ (ပြောင်းရွှေ့) အောင်တိုင်ရေငန်ပုစွန်သားပေါက်စခန်း၌ ပုစွန်သားပေါက် လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရေးနှင့် ပုစွန်သားပေါက်များ ပိုမိုထုတ်လုပ်နိုင်ရေး သွားရောက်ကြည့်ရှုစစ်ဆေးရာ ပုစွန်သားပေါက်စခန်းတာဝန်ခံ ဦးမိုးဆွေက သားဖောက်စခန်းအတွင်း ပုစွန်သားပေါက်ကန်၊ ပိုးသတ်ကန်နှင့် မျိုးဖောက်ဆောင်၊ ပုစွန်မွေးတောင်သူများအတွက် လိုအပ်လျက်ရှိသော အရည်အသွေးပြည့်ဝသည့် ရေငန်ပုစွန်သားပေါက်များကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်ရေး၊ ကျေးလက်ဒေသများတွင် တစ်ပိုင်တစ်နိုင်သားပေါက်ထုတ်လုပ်လာနိုင်ရေးအတွက် နည်းပညာများ ဖြန့်ဖြူးပေးနေမှုအခြေအနေများ၊ သားပေါက်စခန်းအတွင်း ပုစွန်သားပေါက်နေမှုနှင့် ထပ်မံတိုးချဲ့ဆောင်ရွက်မည့် အခြေအနေများ၊ ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုဒဏ်ကြောင့် စခန်းအတွင်း အဆောက်အအုံများ ထိခိုက်ပျက်စီးမှုများကို ပြုပြင်ထားရှိမှုနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြပြီး ဒုတိယပြည်နယ်ဦးစီးမှူး ဦးအောင်တင်စောက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက သားပေါက်ရာသီအမီ ပြုပြင်နိုင်ရေးနှင့် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရေချမ်းပြင်ရေငန်ပုစွန်သားပေါက်စခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ စခန်းတာဝန်ခံ ဦးကျော်ထွန်းဇံက ရေချိုပုစွန်များ သားဖောက်ရန်စမ်းသပ်ဆောင်ရွက်နေမှု၊ ဒေသမျိုးရေချိုပုစွန်သားလောင်းများကို ရန်ကုန်တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ တင်ပို့ဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြပြီး စခန်းအတွင်း တီလားဗီးယားငါးသားပေါက်များ မွေးမြူထားရှိမှုတို့ကို လှည့်လည်ပြသသည်။

စစ်တွေမြို့နယ် အောင်တိုင်ရေငန်ပုစွန် သားပေါက်စခန်း၌ ပုစွန်သားပေါက် နှစ်သန်းထုတ်လုပ်နိုင်ပြီး ရေချမ်းပြင်သားပေါက်စခန်း၌ သုံးသန်းထုတ်လုပ်နိုင်မည်ဖြစ်ရာ ဒုတိယဝန်ကြီးက ရာသီအမီ ထုတ်လုပ်နိုင်ရေး ကြိုးစားလုပ်ဆောင်ကြရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တင်ထွန်း(ပြန်/ဆက်)

## ကသာမြို့ရှိ သံကူကွန်ကရစ်တံတား တည်ဆောက်မှုအတွက် ပံ့ပိုးမှုလိုအပ်နေ

**ကသာ ဇူလိုင် ၂၁**

ကသာမြို့ ရပ်ကွက်(၈) ပိန္နဲကုန်းအောင်မြေသာယာဆုတောင်းပြည့်စေတီတော်သို့သွားရာ သံကူကွန်ကရစ်တံတား ပြုပြင်တည်ဆောက်မှုအတွက် ရာနှုန်းပြည့်ပြီးစီးရန် ပံ့ပိုးမှုလိုအပ်နေကြောင်း သိရသည်။

အဆိုပါတံတားသည် စေတီနှင့် ဆက်စပ်လျက်ရှိသည့်အပြင် ဒေသအကျိုးပြုမည့် တံတားတစ်စင်းလည်းဖြစ်ပြီး အရှည်ပေ ၅၃၀ ရှိသစ်သားတံတားကို သံကူကွန်ကရစ်တံတားအဖြစ် အစားထိုးပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း တံတားဖြစ်မြောက်ရေးကော်မတီထံမှ သိရသည်။

တံတားဖြစ်မြောက်ရေးကော်မတီဝင်တစ်ဦးက "ယခင် သစ်သားတိုင် ၁၃၀ နဲ့ အရှည်ပေ ၅၃၀ တံတားက မိုးတွင်းကာလ မြစ်ရေကြီးချိန်မှာ ရေလျှံနစ်မြုပ်တာ နှစ်စဉ်ကြုံတွေ့ရတယ်။ နှစ်ကြာမြင့်လာတော့ ပျက်စီးယိုယွင်းလာလို့ ရေဒဏ်မိုးဒဏ်ကို ခံနိုင်စွမ်းရှိတဲ့ သံကူကွန်ကရစ်တံတားဖြစ်အောင် တည်ဆောက်တာပါ။ တစ်ခါတည်း ဆောက်လုပ်နိုင်ခြင်းမရှိတော့ ဒေသခံပြည်သူ အလှူရှင်များပံ့ပိုးကူညီမှုနဲ့ သံကူကွန်ကရစ်တိုင် ၁၁၀ ဖြစ်မြောက်ရေး တစ်ခန်းချင်းပြုပြင်တည်ဆောက်လာတာ ပေ ၁၂၀ ကျန်ရှိနေသေးတဲ့အတွက် အလှူရှင်တွေကို မျှော်လင့်နေပါတယ်"ဟု ပြောသည်။

အဆိုပါသံကူကွန်ကရစ်တံတား တည်ဆောက်ရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနက ကျပ်သိန်း ၁၅၀ ပံ့ပိုးထားပြီး လှူဒါန်းလိုသူများအနေဖြင့် တံတားအပိုင်းအရှည်အလိုက် ကျပ်နှစ်သိန်းခွဲ၊ ကျပ်ငါးသိန်း၊ ၁၀ သိန်း၊ သိန်း ၂၀ စသည်ဖြင့် လှူဒါန်းနိုင်ပြီး မုခ်ဦးတိုင်များအတွက် ကျပ်တစ်သိန်းနှင့် ၁၂၀၀၀ နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း သိရသည်။

ငွေအိုး(ကသာ)

**ဥတုရာသီ တောကိုမှီ၍**

## မြောင်းမြမြို့၌ မိုးစပါးစိုက်တောင်သူများအား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် သွင်းအားစုများပေးအပ်

**မြောင်းမြ ဇူလိုင် ၂၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်၌ ၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါးစိုက်ပျိုးသည့် တောင်သူများအား နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် သွင်းအားစု (ယူရီးယားဓာတ်မြေဩဇာ၊ ကွန်ပေါင်း (၁၅:၁၅:၁၅) နှင့် သဘာဝမြေဩဇာများ) ပေးအပ်ပွဲကို ဇူလိုင် ၂၀ ရက်က မြစန္ဒာဆန်စက်၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်းကြီးကြပ်မှုကော်မတီဝင်များနှင့် တောင်သူလယ်သမားများ တက်ရောက်ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးချစ်ကိုနိုင်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် လုပ်ငန်းစဉ်များ၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီးနောက် သွင်းအားစုဓာတ်မြေဩဇာများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးတို့က တောင်သူများထံ ပေးအပ်ကြသည်။

မြောင်းမြမြို့နယ် ကုန်းသာကျေးရွာအုပ်စုမှ တောင်သူ ၈၈ ဦးအတွက် မိုးစပါးစိုက်ဧက ၁၃၄ ဧကအတွက် တစ်ဧကလျှင် ကျပ်နှစ်သိန်းနှုန်းနှင့် ညီမျှသော ယူရီးယားဓာတ်မြေဩဇာတစ်အိတ်၊ ကွန်ပေါင်း (၁၅:၁၅:၁၅)တစ်အိတ်နှင့် သဘာဝမြေဩဇာနှစ်အိတ် ဖြန့်ဖြူးပေးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝေဝေ(မြောင်းမြ)

## သာပေါင်းမြို့နယ်၌ ငါးရစ်ငါးသန်ကာလ တရားမဝင်ငါးဖမ်းဆီးမှုမရှိစေရေး အသိပညာပေး

**သာပေါင်း ဇူလိုင် ၂၁**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်၌ ငါးရစ်ငါးသန်ကာလ တရားမဝင်ငါးဖမ်းဆီးမှု မရှိစေရေးနှင့် ရေသယံဇာတ ငါးသယံဇာတထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲကို ပုသိမ်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနက ကြီးကြပ်၍ ဇူလိုင် ၁၈ ရက်က ဘုရားနီကျေးရွာ၌ ပြုလုပ်သည်။

အသိပညာပေးဟောပြောပွဲသို့ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအေးနိုင်၊ သာပေါင်းမြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးမျိုးသိန်းနှင့် ဝန်ထမ်းများ ဘုရားနီကျေးရွာမှ ကျောင်းသား ကျောင်းသူများနှင့် ရေလုပ်သားကြီးများ တက်ရောက်ခဲ့ပြီး ခရိုင်ငါးလုပ်ငန်းဦးစီးမှူးနှင့် မြို့နယ်ငါးလုပ်ငန်းဦးစီးမှူးတို့က ငါးရစ်ငါးသန်ကာလအတွင်း တရားမဝင်ငါးဖမ်းဆီးမှုများ မရှိစေရေးနှင့် ငါးလုပ်ငန်းဦးစီးဌာနက ဆောင်ရွက်နေသည့် ရေသယံဇာတ ငါးသယံဇာတထိန်းသိမ်းရေးနှင့် သက်ဆိုင်သည့်အချက်များကို အသိပညာပေးဆွေးနွေးပြောကြားပြီး တက်ရောက်လာသူ ကျောင်းသား ကျောင်းသူများ၊ ရေလုပ်သားများနှင့် အင်းသားကြီးများအား ငါးလုပ်ငန်းဦးစီးဌာနမှ ထုတ်ဝေထားသည့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဟိုပုံးမြို့နယ်၌ ထောပတ်သီးသန့်စင်ထုပ်ပိုးသည့်စက်ရုံတည်ဆောက်နေမှု ၆၀ ရာခိုင်နှုန်းပြီးစီး

**ပြင်ဦးလွင် ဇူလိုင် ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ်၌ ထောပတ်သီးသန့်စင်ထုပ်ပိုးသည့်စက်ရုံကို လာမည့်ထောပတ်သီးရာသီအမီ တည်ဆောက်လျက်ရှိရာ လက်ရှိတွင် ၆၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေပြီဖြစ်ကြောင်း မြန်မာနိုင်ငံထောပတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံတွင် ထောပတ်သီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပထမဆုံးတည်ဆောက်နေသည့် ထောပတ်သီးသန့်စင်ထုပ်ပိုးသည့်စက်ရုံကို ကုန်ကျငွေကျပ်သိန်းပေါင်း ၃၀၀၀၀ ကျော် အကုန်အကျခံပြီး လာမည့် ထောပတ်သီးရာသီအမီ ကြိုးစားတည်ဆောက်လျက်ရှိကြောင်း၊ လက်ရှိ တည်ဆောက်ပြီးစီးမှုအနေဖြင့် အဆောက်အအုံပိုင်းနှင့် မီးသွယ်တန်းခြင်း လုပ်ငန်းများ ပြီးစီးနေပြီဖြစ်ကာ ရာခိုင်နှုန်းအနေဖြင့် ၆၀ ရာခိုင်နှုန်း တည်ဆောက်ပြီးဖြစ်ကြောင်း သိရသည်။

"ထောပတ်သီး သန့်စင်ထုပ်ပိုးစက်ရုံကို ထောပတ်တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ကိုဗစ်ရောဂါကာလ မတိုင်မီက တည်ဆောက်ခဲ့တာပါ။ အခုဆိုရင် ရာခိုင်နှုန်းအနေနဲ့ ၆၀ ရာခိုင်နှုန်း ပြီးနေပါပြီ။ စက်တွေဝယ်ယူဖြည့်သွင်းဖို့ပဲ ကျန်တော့တယ်။ ထောပတ်သီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဆောင်ရွက်နေတာပါ။ ခုလို တည်ဆောက်တာကလည်း ပြည်ပကို တင်ပို့နိုင်ဖို့ပါ။ ဒီလို စက်ရုံမျိုးတွေ ထောပတ်သီးစိုက်ပျိုးတဲ့နေရာတွေမှာ ရှိဖို့ လိုအပ်ပါတယ်။ ခုလို စက်ရုံမျိုးတွေရှိပြီဆိုရင် ၂၄ နာရီအတွင်း သန့်စင်ထုပ်ပိုးနိုင်ပြီးတော့ ပြည်ပပို့မယ့် လမ်းကြောင်းကို ရောက်အောင် တင်ပို့နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် လာမယ့်ထောပတ်သီးရာသီအမီ ကြိုးစား ဆောင်ရွက်နေပါတယ်"ဟု ၎င်းက ပြောသည်။



အဆိုပါစက်ရုံတည်ဆောက်ရခြင်းမှာ ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ လက်လှမ်းမီသည့်နေရာများမှ ထောပတ်သီးများကို ယင်းစက်ရုံတွင် သန့်စင်ထုပ်ပိုးပြီး ပြည်ပနိုင်ငံများကို တင်ပို့သွားရန် ရည်ရွယ်ကြောင်း၊ စက်ရုံတည်ဆောက်ပြီးပါက ခူးဆွတ်အသီးများကို သန့်စင်ခြင်း၊ အရွယ်အစားဆိုက်ခွဲခြင်း၊ ပါကင်လုပ်ခြင်း စသည့်စနစ်ပိုင်းများပြီးလျှင် ပြည်ပနိုင်ငံများက တောင်းဆိုသည့် ကေဂျီပုံးများအတိုင်း ထုပ်ပိုးကာ ဝန်ဆောင်မှုပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**



## ငါ့သရောက်မြို့၌ လေးလပဲခေါ် ဝါဆိုမြေပဲများ စတင်စိုက်ပျိုးလျက်ရှိ

**ငါ့သရောက် ဇူလိုင် ၂၁**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ်၌ လေးလပဲခေါ် ဝါဆိုမြေပဲများ စတင်စိုက်ပျိုးနေပြီဖြစ်ကြောင်း တောင်သူများထံမှ သိရသည်။

ငါ့သရောက်မြို့၌ တောင်ယာစိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိရာတွင် အဓိကသီးနှံဖြစ်သည့် မြေပဲ၊ နှမ်း၊ ပဲစင်းငုံ၊ ပြောင်း၊ နေကြာ၊ ပဲတီစိမ်း စသည်တို့ကို စိုက်ပျိုးလျက်ရှိကာ မြေပဲကို မိုးဦးကာလတွင် သုံးလပဲ၊ ခြောက်လပဲစသည်တို့ကို စိုက်ပျိုးကြပြီး ဝါဆိုပဲခေါ် လေးလမြေပဲများကို ယခုလို မိုးလယ်ကာလတွင် စိုက်ပျိုးကြကြောင်း သိရသည်။

ယခုလို လေးလပဲစိုက်ပျိုးချိန်များတွင် လိုအပ်သည့် မိုးရေရှိနေသောကြောင့် အချိန်မီစိုက်ပျိုးနိုင်ရန်အတွက် နွားရှဉ်းများ ငှားရမ်းခြင်းနှင့် မြေပဲအစေ့ချ အလုပ်သမားငှားရမ်းသောကြောင့် နွားရှဉ်းအငှားလိုက်သူများနှင့် မြေပဲအစေ့ချလိုက်သူများမှာ ပုံမှန်ဝင်ငွေရရှိကာ အဆင်ပြေလျက်ရှိကြောင်း၊ နွားရှဉ်းငှားရမ်းခမှာ နေ့တစ်ဝက်လျှင် ကျပ် ၁၅၀၀၀၊ တစ်ရက်လုံး ကျပ် ၃၀၀၀၀ ဖြစ်ပြီး မြေပဲအစေ့ချအလုပ်သမားငှားရမ်းခမှာ တစ်ရက်လျှင် ကျပ် ၅၀၀၀ မှ ၈၀၀၀ အထိ ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကော့သောင်းမြို့၌ ၇၆ နှစ်အတွင်း စံချိန်တင်မိုးရွာသွန်းပြီး နေအိမ်ပြိုကျမှု၊ မြေပြိုမှုနှင့် ရေကြီးရေလျှံမှုများဖြစ်ပွား

**ကော့သောင်း ဇူလိုင် ၂၁**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်၌ နှစ်ပေါင်း ၇၆ နှစ်အတွင်း စံချိန်တင်မိုးရွာသွန်းမှုများပြားခဲ့သောကြောင့် ရပ်ကွက်အချို့နှင့် လမ်းများပေါ်တွင် ရေကြီးရေလျှံမှုများ၊ လူနေအိမ်ပြိုကျခြင်းများ ဖြစ်ပွားခဲ့သည့်အပြင် အချို့နေရာများတွင် မြေပြိုမှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။

ကော့သောင်းမြို့၌ ဇူလိုင် ၁၈ ရက်က ရွာသွန်းခဲ့သော မိုးရေချိန်မှာ စံချိန်တင်ရွာသွန်းခဲ့သည့်အပြင် ပင်လယ်ပြင်အတွင်း၌လည်း လှိုင်းလေပြင်းထန်ခြင်းများ ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ကော့သောင်းမြို့မှာ ဇူလိုင် ၁၈ ရက်နဲ့ ၁၉ ရက်တွေမှာ မိုးက သဲသဲမဲမဲ ရွာခဲ့ပါတယ်။ မြေပြိုတာ၊ အိမ်ပြိုတာ၊ ရေကြီးတာ တွေရှိခဲ့တယ်။ အခုတော့ ရေပြန်ကျသွားပါပြီ၊ နောက်ထပ်နှစ်ရက်အတွင်း မိုးသည်းထန်ဦးမယ်လို့ သိရပါတယ်။ ရေတွေပြန်ကြီးလာနိုင်တယ်။ မြေပြိုတာ၊ သစ်ပင်လဲတာ၊ အိမ်ပြိုတာတွေကို သက်ဆိုင်ရာတာဝန်ရှိသူတွေက လိုက်လံကူညီ ဆောင်ရွက်ပေးနေပါတယ်။ အေးရိပ်ငြိမ်ရပ်ကွက်မှာ အဖြစ်များတာ တွေ့ရပါတယ်"ဟု ကော့သောင်းမြို့မှ ဒေသခံတစ်ဦးက ပြောကြားသည်။

မိုးလေဝသဌာန၏ ထုတ်ပြန်ချက်အရ ကော့သောင်းမြို့နယ်၌ ဇူလိုင် ၁၈ ရက် မိုးရေချိန်မှာ စခန်းဖွင့်သည့်နှစ်မှစတင်ပြီး ၇၆ နှစ်အတွင်း စံချိန်တင်ရွာသွန်းခြင်းဖြစ်ကြောင်း၊ မိုးရေချိန်မှာ ၂၅၃ မီလီမီတာ (၉ ဒသမ ၉၆ လက်မ) ဖြစ်ကြောင်း၊ ယခင် မိုးအများဆုံးစံချိန်ဟောင်းမှာ ၂၀၂၁ ခုနှစ် ဇူလိုင် ၃၀ ရက်က ရွာသွန်းမှု ဖြစ်ပြီး မိုးရေချိန် ၂၃၂ မီလီမီတာ (၉ ဒသမ ၁၃ လက်မ) ရှိခဲ့ကြောင်း သိရသည်။



ကော့သောင်းမြို့၌ ၁၉၉၆ ခုနှစ်ကလည်း မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် မြန်မာ-ထိုင်းနယ်စပ် ပါချန်မြစ်အတွင်းသို့ စီးဝင်သော နန်မထိုချောင်း၊ နန်မနွယ်ချောင်း၊ ခမောက်ကြီးချောင်းတို့မှ တောင်ကျရေများစီးဆင်းမှုကြောင့် မြစ်ရေများမြင့်တက်ကာ မြစ်ကမ်းနံဘေးရှိ ကျေးရွာများသို့ ရေများဝင်ရောက်ပြီး လူနေအိမ်များရေနစ်မြုပ်ခဲ့သည့်အပြင် လယ်ကွင်းများတွင်လည်း ရေလွှမ်းခြင်းများဖြစ်ပေါ်ခဲ့ဖူးကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း၌ ယခုရက်ပိုင်းတွင် မိုးအဆက်မပြတ် သည်းထန်စွာရွာသွန်းနေသည့်အပြင် လေပြင်းများလည်း တိုက်ခတ်မှုကြောင့် ငါးဖမ်းလှေများ ပင်လယ်ပြင်အတွင်း လုပ်ကိုင်နိုင်ခြင်းမရှိကြောင်းနှင့် ပင်လယ်ကမ်းခြေတွင် ရပ်နားထားသည့် လှေငယ်အချို့မှာ လေပြင်းများတိုက်ခတ်သည့်အရှိန်ကြောင့် နစ်မြုပ်မှုများပင် ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

## ချည်မျှင်ရှည်ဝါစိုက်ပျိုးမှုတိုးတက်ရေးအတွက် မျိုးစေ့နှင့်ဓာတ်မြေဩဇာများ ထောက်ပံ့ပေး

**နတ်မောက် ဇူလိုင် ၂၁**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်အတွင်း ၂၀၂၃ ခုနှစ် မိုးရာသီ ချည်မျှင်ရှည်ဝါတိုးတက်ရေးဇုန် ဧက ၂၀၀ နှင့် တိုးချဲ့ဧရိယာများအတွက် မျိုးစေ့နှင့် ကွန်ပေါင်းဓာတ်မြေဩဇာများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဇူလိုင် ၁၉ ရက်တွင် ထောက်ပံ့ပေးအပ်သည်။

နတ်မောက်မြို့နယ်၌ ၂၀၂၃ ခုနှစ် မိုးရာသီချည်မျှင်ရှည်ဝါတိုးတက်ထုတ်လုပ်ရေးစီမံကိန်းအရ ချည်မျှင်ရှည်ဝါတိုးတက်ထုတ်လုပ်ရေးဇုန် ဧက၂၀၀ နှင့် တိုးချဲ့စိုက်ပျိုးနိုင်ရေးဧရိယာ ဧက ၈၅၀ ဆောင်ရွက်သွားမည်ဖြစ်ပြီး တစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် ချည်မျှင်ရှည်ဝါစိုက်ပျိုးသည့် တောင်သူများအား အထွက်နှုန်းကောင်း ရွှေတောင်-၁၀ မျိုးသန့်မျိုးဝါစေ့များနှင့် ကွန်ပေါင်းဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်ခြင်းဖြစ်ပြီး စိုက်စနစ်မှန်၊ စိုက်ပျိုးချိန်မှန် ဆောင်ရွက်နိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် တာဝန်ကျဝန်ထမ်းများက မြေပြင်ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

နတ်မောက်မြို့နယ်၌ မိုးဦးချည်မျှင်ရှည်ဝါကို ၂၁၈၂၃ ဧက လျာထားဆောင်ရွက်ထားပြီး ချည်မျှင်ရှည်ဝါစိုက်ပျိုးခြင်းဖြင့် တောင်သူတစ်ဦးချင်း ဝင်ငွေတိုးပွားကာ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးအရာရှိက ပြောသည်။

**မူမူစန်း**

## ဖျာပုံမြို့၌ သွင်းအားစုနှင့် သဘာဝမြေဩဇာများပေးအပ်

**ဖျာပုံ ဇူလိုင် ၂၁**

ဖျာပုံမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တောင်သူများ၏လက်ဝယ်သို့ သွင်းအားစု (ယူရီးယားဓာတ်မြေဩဇာ၊ ကွန်ပေါင်း (၁၅:၁၅:၁၅) နှင့် သဘာဝမြေဩဇာများ)ပေးအပ်ပွဲ ကို ဇူလိုင်၂၀ ရက်က ဖျာပုံမြို့ အမှတ် (၁၂) ရပ်ကွက် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစိန်မောင်မြင့်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်လင်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်နိုင်ငံ့စီးပွားမြှင့်တင်ရေး စီမံကိန်းကြီးကြပ်မှု ကော်မတီဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသက်ထားမောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်းကြီးကြပ်မှု ကော်မတီဝင်များ၊ တောင်သူလယ်သမားများနှင့် ဝယ်ယူ၊ ကြိတ်ခွဲ၊ တင်ပို့သူ လုပ်ငန်းရှင်များ တက်ရောက်သည်။



ဖျာပုံမြို့နယ်အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ၁၇၉၄၅ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် နှစ်သိန်းဖိုးနှင့်ညီမျှသော ယူရီးယားဓာတ်မြေဩဇာ တစ်အိတ်၊ ကွန်ပေါင်း (၁၅:၁၅:၁၅) တစ်အိတ်နှင့် သဘာဝမြေဩဇာ တစ်အိတ်ပေးအပ်မည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**အောင်ဝင်းနိုင် (ပြန်/ဆက်)**

ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ

# ပါကစ္စတန်နိုင်ငံ၌ ဇွန် ၂၅ ရက်မှစ၍ မုတ်သုံရာသီအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သေဆုံးသူ ၁၀၁ ဦးအထိတိုးလာ

အစ္စလာမ္မာဘတ် ဇူလိုင် ၂၁

**ပါကစ္စတန်နိုင်ငံတစ်ဝန်း ဇွန် ၂၅ ရက်မှစကာ ယခုအချိန်အထိ မုတ်သုံရာသီအတွင်း သေဆုံးသူ ၁၀၁ ဦး ခန့်ရှိပြီး အခြားဒဏ်ရာရရှိသူ ၁၈၀ ရှိကြောင်း နိုင်ငံ၏ အမျိုးသားဘေးအန္တရာယ် စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့ (အင်န်ဒီအမ်အေ)က ပြောကြားသည်။**



နိုင်ငံ၏အရှေ့ပိုင်း ပန်ဂျပ်ပြည်နယ်၌ သေဆုံးသူ ၅၇ ဦးနှင့် ဒဏ်ရာရရှိသူ ၁၁၈ ဦးရှိပြီး မိုးသည်းထန်စွာ ရွာသွန်းမှုဒဏ်ကို အဆိုးရွားဆုံး ခံစားရကြောင်း၊ ပြည်နယ်၏မြို့တော် လာဟိုးအပါအဝင် ပြည်နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နေအိမ် ၅၃ လုံး ပျက်စီးခဲ့ရကြောင်း အမျိုးသားဘေးအန္တရာယ် စီမံခန့်ခွဲမှုအာဏာပိုင်အဖွဲ့က ဇူလိုင် ၂၀ ရက်တွင် ပြောကြားသည်။ ဇူလိုင် ၁၉ ရက်ကလည်း ရာဝါပင်ဒီမြို့အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆောက်လုပ်ဆဲ တံတားတစ်စင်း၏ နံရံပြိုကျမှုကြောင့် ယာယီတဲများတွင် နေထိုင်သည့် အလုပ်သမား ၁၂ ဦးထက်မနည်း သေဆုံးခဲ့သည်။

ထို့ပြင် နိုင်ငံ၏အနောက်မြောက်ပိုင်း ခိုင်ဘာပခ်တွန်ခဝါပြည်နယ်တွင် မိုးရွာသွန်းမှုနှင့် ဆက်စပ်သည့် ဖြစ်စဉ်များကြောင့် ၂၅ ဦး သေဆုံးပြီး အခြား ၄၁ ဦးမှာ ဒဏ်ရာရရှိခဲ့ကြောင်း၊ ပြည်နယ် အတွင်း နေအိမ်အလုံး ၆၀ ပျက်စီးခဲ့ပြီး တိရစ္ဆာန် ၄၃ ကောင်လည်း သေဆုံးခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။ **ဆင်ဟွာ**

## ဂျပန်နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု တဖြည်းဖြည်းမြင့်တက်

**တိုကျို ဇူလိုင် ၂၁**

ဂျပန်နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အရေအတွက် တဖြည်းဖြည်း မြင့်တက်လာကြောင်း ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက ဇူလိုင် ၂၁ ရက်က သတင်းထုတ်ပြန်လိုက်သည်။


ဇူလိုင် ၁၆ ရက်အထိ ခုနစ်ရက်တာ ကာလအတွင်း ဂျပန်နိုင်ငံတစ်ဝန်း ဆေးဘက်ဆိုင်ရာ အဆောက်အအုံပေါင်း ၅၀၀၀ ခန့်မှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ အရေအတွက် ၅၄၁၅၀ ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက်ဖော်ပြထားသည်။ အဆိုပါပမာဏသည် လွန်ခဲ့သော သီတင်းပတ်ကထက် ၉၀၄၂ ဦး တိုးလာခြင်းဖြစ်သည်။

ဆေးဘက်ဆိုင်ရာအဆောက်အအုံများတွင် ပျမ်းမျှ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၁ ဒသမ ၀၄ ရှိခဲ့ပြီး လွန်ခဲ့သော သီတင်းပတ်ထက် ၂၁ ရာခိုင်နှုန်း တိုးလာခဲ့သည်။ အဆိုပါပမာဏသည် (၁၅) ကြိမ်မြောက် တစ်ပတ်ပြီးတစ်ပတ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ တိုးလာခြင်းဖြစ်သည်။

ခရိုင်အနေဖြင့် အိုကီနာဝါခရိုင်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ အမြင့်ဆုံးဖြစ်ကာ ဆေးရုံတစ်ခုလျှင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ ၃၁ ဒသမ ၈၃ ဖြစ်သည်။ ထို့နောက် ဆာဂါတွင် ၂၃ ဒသမ ၀၅ နှင့် မီယာဇာကီတွင် ၂၀ ဒသမ ၇၉ ရှိသည်။

နိုင်ငံ၏ခရိုင် ၄၇ ခုအနက် ၄၃ ခရိုင်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူများရှိခဲ့သည်။ ဇူလိုင် ၁၆ ရက်အထိ သီတင်းတစ်ပတ်တာကာလအတွင်း ကိုဗစ်-၁၉ ကြောင့် ဆေးရုံတက်ရသူ ၆၉၅၂ ဦးရှိပြီး လွန်ခဲ့သော သီတင်းပတ်ထက် ၆၃၂ ဦးတိုးလာခဲ့သည်။ ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ မြင့်တက်လာသည့်နည်းတူ ကျူရှူး၊ ချူကိုကူနှင့်ရှိကိုကူတို့တွင် တစ်ပတ်ပြီးတစ်ပတ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ စံချိန်တင်ခဲ့သည်။

ယခုနှစ်နွေရာသီတွင် ဖြစ်နိုင်သည့် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုများအတွက် ကြိုတင်ပြင်ဆင်ထားကြရန် ခရိုင်အစိုးရများကို ကျန်းမာရေးဝန်ကြီးဌာနက တိုက်တွန်းထားသည်။




ဂျပန်နိုင်ငံ၏ နေ့စဉ်ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို ဖော်ပြသော ပုံတစ်ပုံကို တွေ့ရစဉ်။

**အင်န်အိတ်ချ်ကေ**

## တူကီယဲသမ္မတ လာမည့်သီတင်းပတ်အတွင်း အစ္စရေးနှင့် ပါလက်စတိုင်း ခေါင်းဆောင်တို့ကို သီးခြားစီတွေ့ဆုံသွားမည်

**အန်ကာရာ ဇူလိုင် ၂၁**

တူကီယဲနိုင်ငံ၌ လာမည့်သီတင်းပတ်အတွင်း အစ္စရေးနှင့်ပါလက်စတိုင်း ခေါင်းဆောင်များကို သီးခြားစီအိမ်ရှင်အဖြစ် လက်ခံတွေ့ဆုံသွားမည်ဖြစ်သည်ဟု တူကီယဲသမ္မတရုံးက ဇူလိုင်၂၀ရက်တွင် ကြေညာခဲ့သည်။

ပါလက်စတိုင်း သမ္မတ မာမွတ် အဘတ်စ်သည် တူကီယဲနိုင်ငံသို့ ဇူလိုင် ၂၅ ရက်တွင် လာရောက်မည်ဖြစ်ပြီး တူကီယဲသမ္မတနှင့် တွေ့ဆုံသွားမည်ဟု သမ္မတရုံးထုတ်ပြန်ချက်အရ သိရသည်။ ခေါင်းဆောင်နှစ်ဦးတို့သည် တူရကီ - ပါလက်စတိုင်း ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ အစ္စရေး - ပါလက်စတိုင်း ပဋိပက္ခများနှင့် ဒေသတွင်းပြဿနာများကို ဆွေးနွေးသွားမည်ဖြစ်သည်။ တူကီယဲ သမ္မတသည် ဇူလိုင် ၂၈ ရက်တွင် အစ္စရေးဝန်ကြီးချုပ် ဘန်ဂျမင်နေတန်ယာဟုနှင့် တွေ့ဆုံသွားမည်ဖြစ်သည်။

ထိုသို့ တွေ့ဆုံစဉ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို ဆွေးနွေးသွားမည်ဟု သိရသည်။ တူကီယဲနှင့် အစ္စရေးတို့၏ ဆက်ဆံရေးမှာ ၂၀၁၀ ပြည့်နှစ်တွင် တင်းမာခဲ့သည်။

အစ္စရေးတို့ ပိတ်ဆို့ထားသည့် ဂါဇာကမ်းမြောင်ဒေသသို့ တူကီယဲဦးဆောင်သည့် စစ်သင်္ဘောငယ်များက ဝင်ရောက်ရန် ကြိုးပမ်းခဲ့ရာ အစ္စရေးတပ်ဖွဲ့ဝင်များနှင့် တိုက်ပွဲဖြစ်ပေါ်ခဲ့ပြီး တူကီယဲဘက်မှ ၁၀ ဦးသေဆုံးခဲ့သည်။ ၂၀၁၈ ခုနှစ်တွင်လည်း ဂျေရုဆလင်မြို့တွင် အမေရိကန်သံရုံး ဖွင့်လှစ်မှုအတွက် ပါလက်စတိုင်းများ ဆန္ဒပြကြရာ ပါလက်စတိုင်း ၆၀ သေဆုံးခဲ့သည်။

ယင်းဖြစ်ရပ်အတွက် အစ္စရေးနှင့် တူကီယဲတို့ နိုင်ငံအတွင်းမှ သံတမန်များကို အပြန်အလှန် နှင်ထုတ်ကြသည်။ သို့သော်လည်း မကြာသေးမီနှစ်များအတွင်း တူကီယဲနှင့် အစ္စရေးတို့ဆက်ဆံရေး ကောင်းမွန်ရန် ကြိုးပမ်းခဲ့ကြသည်။ **ဆင်ဟွာ**

## ကနေဒါနိုင်ငံ၌ တောမီးလောင်မှုကို ငြိမ်းသတ်ရာတွင် သေဆုံးသူ သုံးဦးရှိလာ

**အော့တဝါ ဇူလိုင် ၂၁**

ကနေဒါနိုင်ငံ၌ ဇူလိုင် ၁၉ ရက်ညပိုင်းက တောမီးလောင်မှုကို ငြိမ်းသတ်ရန် ကြိုးပမ်းနေသည့် ရဟတ်ယာဉ်ပျက်ကျရာ ရဟတ်ယာဉ်မောင်းသူ သေဆုံးခဲ့သည်။ ထို့ကြောင့် တောမီးလောင်မှုကို ငြိမ်းသတ်ရန် ကြိုးပမ်းရင်း သေဆုံးသူဦးရေမှာ သုံးဦးအထိရှိလာပြီဖြစ်သည်ဟု ဇူလိုင်၂၀ရက်တွင် ဒေသတွင်း မီဒီယာများ၌ ဖော်ပြသည်။

အယ်လ်ဘတ်တာ မြောက်ပိုင်းတွင် တောမီးငြိမ်းသတ်မှုကို အကူအညီပေးနေသည့် အသက် ၄၁ နှစ်အရွယ် ရဟတ်ယာဉ်မောင်းသူမှာ ပျက်ကျမှုတွင် ရရှိခဲ့သည့်ဒဏ်ရာများဖြင့် သေဆုံးခဲ့သည်ဟု ရဲက ပြောသည်။

အခင်းဖြစ်ပွားရာ၌ သစ်တောဝန်ထမ်းများက အသက်ကယ်ဆယ်နိုင်ရေး ကြိုးပမ်းခဲ့ကြသော်လည်း မအောင်မြင်ခဲ့ပေ။ ပြီးခဲ့သည့် သီတင်းပတ်ကလည်း မီးသတ်သမား ဒက်ဗင်ဂေးမှာ သစ်ပင်ပိကာ အသက်ဆုံးရှုံးခဲ့ရသည်။

ပြီးခဲ့သည့် စနေနေ့ကလည်း အနောက်မြောက်ပိုင်း နယ်မြေများတွင် တောမီးငြိမ်းသတ်နေစဉ် တစ်ဦးသေဆုံးခဲ့သည်။

ကနေဒါနိုင်ငံတစ်ဝန်း တောမီးလောင်မှုပေါင်း ၈၈၇ ခုရှိပြီး ၅၄၉ ခုကို ငြိမ်းသတ်နိုင်ခဲ့ပြီးဖြစ်သည်။ ယခုနှစ်အတွင်း တောမီးလောင်မှုပေါင်း ၄၃၀၈ ခုအထိ ရှိခဲ့ပြီး ၁၁၁၀၀၀ စတုရန်း ကီလိုမီတာ မီးလောင်ခဲ့ရသည်။ **ဆင်ဟွာ**



ကနေဒါနိုင်ငံ၌ တောမီးလောင်ကျွမ်းနေသည်ကို တွေ့ရစဉ်။

## ဇွန်လအတွင်း သီရိလင်္ကာနိုင်ငံ၏ငွေကြေးဖောင်းပွမှု ၁၀ ဒသမ ၈ ရာခိုင်နှုန်း ဆက်လက်ကျဆင်း

**ကိုလံဘို ဇူလိုင် ၂၁**

အမျိုးသားစားသုံးသူဈေးနှုန်းအညွှန်းကိန်း (အင်န်စီပီအိုင်)ကို အခြေခံ၍ သီရိလင်္ကာနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းမှာ မေလက ၂၂ ဒသမ ၁ ရာခိုင်နှုန်းရှိရာမှ ဇွန်လအတွင်း ၁၀ ဒသမ ၈ ရာခိုင်နှုန်းအထိ ကျဆင်းလာကြောင်း သန်းခေါင်စာရင်းနှင့်စာရင်းအင်းဦးစီးဌာနက ဇူလိုင် ၂၁ ရက်တွင် ပြောကြားသည်။

အစားအသောက်အမျိုးအစားနှင့်ပတ်သက်ပြီး ငွေကြေးဖောင်းပွမှုနှုန်းမှာ မေလက ၁၅ ဒသမ ၈ ရာခိုင်နှုန်းရှိရာမှ လွန်ခဲ့သောလက ၂ ဒသမ ၅ ရာခိုင်နှုန်း သို့ ကျဆင်းသွားကြောင်း အဆိုပါဌာနက ပြောကြားသည်။ အစားအစာ အုပ်စုမဟုတ်သည့် ငွေကြေးဖောင်းပွမှုနှုန်းမှာ မေလက ၂၇ ဒသမ ၆ ရာခိုင်နှုန်းရှိရာမှ ဇွန်လအတွင်း ၁၈ ဒသမ ၃ ရာခိုင်နှုန်းအထိ ကျဆင်း သွားခဲ့သည်။

အမျိုးသားစားသုံးသူဈေးနှုန်းအညွှန်းကိန်းက ငွေကြေးဖောင်းပွမှုနှုန်းကို ၇၃ ဒသမ ၇ ရာခိုင်နှုန်း မှတ်တမ်းတင်ထားချိန်တွင် သီရိလင်္ကာနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၂၂ ခုနှစ် စက်တင်ဘာလမှစကာ တဖြည်းဖြည်းကျဆင်းလာကြောင်း သိရသည်။ **ဆင်ဟွာ**

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် (၁၉)နှစ်နှင့်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ အင်းစိန်ခရိုင်အသင်း ဗိုလ်စွဲ

**ရန်ကုန် ဇူလိုင် ၂၁**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံအသက်(၁၉) နှစ်နှင့်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကို ဇူလိုင် ၂၀ ရက် ညနေပိုင်းက ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏဘောလုံးကွင်း (Y.T.C) ၌ ကျင်းပရာ အင်းစိန်ခရိုင်အသင်းက တွံတေးခရိုင်အသင်းကို လေးဂိုး-ဂိုး မရှိဖြင့် အနိုင်ရရှိသွားသည်။

ပြိုင်ပွဲပထမပိုင်းတွင် အင်းစိန်ခရိုင်အသင်းမှ မိုးမြတ်စံနှင့် ဖြိုးကြူကြူလွင်တို့က တစ်ဂိုးစီသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ထောင့်ကန်ဘောမှတစ်ဆင့် နိုင်နိုင်ဝင်းက တတိယဂိုးသွင်းယူပြီး ပြည့်ပိုင်မှုအိမ်က ပယ်နယ်တီဖြင့် စတုတ္ထဂိုးသွင်းယူခဲ့သည်။

ပြိုင်ပွဲအပြီးဆုပေးပွဲကို ကျင်းပရာရှေ့တန်း၊ နောက်တန်း၊ အလယ်တန်း၊ ဂိုးသမားအကောင်းဆုံးဆုရအားကစားသမားနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုရရှိကြသူများအား တိုင်းဒေသကြီးဝန်ကြီးများက ဆုတံဆိပ်နှင့် ငွေသားဆုများချီးမြှင့်ကြသည်။

ဆက်လက်၍ တတိယဆုရ သဃ်န်းကျွန်းခရိုင်အသင်းအား တိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ကော်မတီဥက္ကဋ္ဌ ဥပဒေချုပ် ဦးဌေးအောင်က လည်းကောင်း၊ ဒုတိယဆုရ တွံတေးခရိုင်အသင်းအား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဇော်ဟိန်းက တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးစိုးသိန်းက ပထမဆုရရှိသော အင်းစိန်ခရိုင်အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် တံခွန်စိုက်ဖလားချီးမြှင့်ပေးသည်။ ယင်းပြိုင်ပွဲကို ခရိုင်ခုနစ်ခရိုင်မှ အသင်းများယှဉ်ပြိုင်ပြီး ဇူလိုင် ၄ ရက်မှ ၂၀ ရက်အထိ ပတ်လည်စနစ်ဖြင့် ကျင်းပခဲ့ကြောင်း သိရသည်။

**အာကာစိုး**



# ဟိုပုံးမြို့နယ်၌ ငွေကျပ်သိန်း ၄၅၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ကိုးသိန်းကျော် ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ်၌ ငွေကျပ်သိန်း ၄၅၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ကိုးသိန်းကျော် ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၈ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် နန့်ခုတ်ကျေးရွာအနီး ကားလမ်းတွင် လွိုင်လင်မှ တောင်ကြီးဘက်သို့ ဝင်းထွန်းနိုင်(ခ) မျိုးတင့် မောင်းနှင်လာသည့် HIACE မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၄၅၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၉ ဒသမ ၁၂ သိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ်မှ ကရင်ပြည်နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းအားဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သတင်းစဉ်**



ဝင်းထွန်းနိုင်(ခ) မျိုးတင့်နှင့် သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများ။

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဇူလိုင် ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

**၂၂-၇-၂၀၂၃ ရက် (စနေနေ့) တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၅)၊ အမှတ် (၂၉) တွင် တောင်စောင်းပေါ်မှ ပြုတ်ကျလာသော ဥလေးကိုဖမ်းပြီး ကူညီပေးလိုက်သော ကြွက်ခေါင်နဲ့ ဘဲဝါလေးတို့အကြောင်း ... တင်ဆက်ထားသည့် "ကူညီတာပါ" မျက်နှာဖုံး ကာတွန်း၊** လောဘကြီးသည့်




လူဆိုးသည် "ရွှေထုပ်ကြီး" ရှောက်ပေါင်းပြားလုမှုနှင့် အဖမ်းခံလိုက်ရသည့်အကြောင်း တင်ဆက်ထားသည့် "လောဘရဲ့သားကောင်" နှစ်မျက်နှာကာတွန်း၊ သစ်ပင်သစ်တောများ စိမ်းလန်းပြီး ရာသီဥတုများ ပြန်လည်မျှတအောင် သစ်ပင်များစိုက်ပျိုးသင့်ကြောင်း တင်ဆက်ထားသည့် "ဖိုးလပြည့်" တစ်မျက်နှာကာတွန်း၊ သူတစ်ပါးအသက်ကို သတ်မိပါက ငရဲကြီးပြီး ဝဋ်လည်တတ်ကြောင်း သားဇော်၏ ဖခင်က ဆုံးမထားသည့်အကြောင်း တင်ဆက်ထားသည့် "ဝဋ်လိုက်မယ်" နှစ်မျက်နှာကာတွန်း၊ အငြိုးအတေးထားမိသည့် ဖိုးချမ်းသည် သူ့အတွက် ယူလာပေးသော အရုပ်ကို သူကိုယ်တိုင် ဖျက်ဆီးမိလိုက်သည့်အကြောင်း တင်ဆက်ထားသည့် "အငြိုးအတေး" နှစ်မျက်နှာကာတွန်း၊ ယောက်ျားလေးနှင့် မိန်းကလေးတို့ စကားနိုင်လုကြပုံအကြောင်းကို ဟာသဖြစ်ဖွယ် တင်ဆက်ထားသည့် ဆရာ ကိုသင်း၏ "အာတူးနဲ့ မေလင်းဖြူ" မျက်နှာဝက်ကာတွန်း၊ ကဏ္ဍစုံလင်စွာပါဝင်သည့် အင်္ဂလိပ်စာ ထူးချွန်စေရန်နှင့် ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်စေရန်အတွက် ရွှေသွေးစာစောင်ကို ဖတ်သင့်ကြောင်း ရေးဖွဲ့ထားသည့် "ရွှေသွေးစာစောင် ဖတ်ကြစို့" ကဗျာကဏ္ဍ၊ သုတကဏ္ဍ၊ အင်္ဂလိပ်စာ သင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊ ဝတ္ထုကဏ္ဍနှင့် ပုံပြင်ကဏ္ဍ အပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျုံမငေး - အောက်ပေကုန်းတံတား ချဉ်းကပ်လမ်း ရေတိုက်စားမှုကြောင့် မြေပြိုကျ

**ဝါးခယ်မ ဇူလိုင် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်၌ ကျုံမငေး-အောက်ပေကုန်း တံတား ချဉ်းကပ်လမ်း ရေတိုက်စားမှုကြောင့် မြေပြိုကျမှုများ ဖြစ်ပွားရာ ဇူလိုင် ၂၀ ရက်က တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကျုံမငေး-အောက်ပေကုန်းတံတား ချဉ်းကပ်လမ်း ရေတိုက်စားမှုကြောင့် မြေပြိုကျမှုများ ဖြစ်ပွားသည့်နေရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၏ ညွှန်ကြားမှုဖြင့် ကျုံမငေးမြို့ အုပ်ချုပ်ရေးမှူး ဦးဇော်မိုးနောင်နှင့် ကျေးလက်လမ်းဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်အေးအေးခိုင်နှင့်အဖွဲ့တို့က စစ်ဆေးရာ အလျားပေ ၁၀၀၊ အနံ ၁၀ ပေခန့်ရှိ ဘေးမြေသားပြိုကျခဲ့ကြောင်း သိရသည်။

**ဟိန်းထက်လင်း(ပြန်/ဆက်)**



## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၂၁**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဇူလိုင် ၂၀ ရက်၌ အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Tin Ngwe" အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး နန်းတော်ရာရပ်ကွက်နေ တင်ငွေအား ညနေ ၃ နာရီခွဲတွင် ပဲခူးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြား ငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရွန်နစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့်လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay ၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay ၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay ၊ AYA Pay၊ OK $ ၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲလှဲအေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂-၇-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| 95 Ron | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (500 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (50 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| HSD (10 ppm) | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၆၈ | ၂၁၄၃ |
| 95 Ron | ၂၁၇၉ | ၂၂၅၆ |
| HSD (500 ppm) | ၂၀၅၂ | ၂၁၂၂ |
| HSD (50 ppm) | ၂၁၂၅ | ၂၁၉၇ |
| HSD (10 ppm) | ၂၁၂၅ | ၂၁၉၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်ရေး အသိပေးကြေညာ

နေပြည်တော် ဇူလိုင် ၂၁

မြန်မာနိုင်ငံ၌ မေ ၁၄ ရက်တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများ မှတစ်ဆင့် SMS (စာတို)ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင် ပြည်သူများအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးကြေညာထားသည်။

သတင်းစဉ်

# မက်မန်းပင်များ တိုးချဲ့စိုက်ပျိုး၍ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းအားဖြင့် ဒေသတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေမည့် အခွင့်အလမ်းများ

ဖြူလူသစ် - ခရိုင်(ပြန်/ဆက်)

မြန်မာနိုင်ငံသည် ရေမြေတောတောင်သဘာဝအရ စိုက်ပျိုးရေးကို အခြေခံပြီး အခြားစီးပွားရေးကဏ္ဍများကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသော နိုင်ငံတစ်ခုဖြစ်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏ အဓိကကျသော စိုက်ပျိုးရေးထွက်ကုန်မှာ ဆန်စပါးဖြစ်သော်လည်း အခြားသောသစ်သီးဝလံပန်းမန်များ စိုက်ပျိုးခြင်းဖြင့်လည်း နိုင်ငံခြားဝင်ငွေများ တိုးတက်ရရှိလျက်ရှိသည်။ မြန်မာနိုင်ငံသည် မြေမျက်နှာသွင်ပြင်အရ စိုက်ပျိုးဖြစ်ထွန်းသော မြေဆီများစွာရှိပြီး စိုက်ပျိုးဖြစ်ထွန်းမြေ ပေါများသည့်အတွက် သီးနှံစိုက်ပျိုးမှုကို များစွာအထောက်အကူပြုလျက်ရှိသည်။

မြန်မာနိုင်ငံ၏ တောင်ပေါ်မြို့တစ်မြို့ဖြစ်သည့် ပြင်ဦးလွင်မြို့သည် သဘာဝက ပေးအပ်ထားသည့် အဖိုးတန်မြေဆီဩဇာကောင်းမွန်မှုနှင့် အေးချမ်းသည့် ရာသီဥတုပိုင်ဆိုင်ထားသောကြောင့် သီးနှံစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအဖို့ ရတနာမြေအလား အထွက်နှုန်းကောင်းမွန်စေသော မြို့တစ်မြို့ဖြစ်သည်။ ယင်းသို့ သစ်သီးဝလံပန်းမန်များ စိုက်ပျိုးမှု ပိုမိုကောင်းမွန်ဖြစ်ထွန်းသည့် မြို့မှတစ်ဆင့် တန်ဖိုးမြှင့်ဒေသ ထွက်ကုန်များ တိုးတက်များပြားစွာ ထုတ်လုပ်နိုင်သည့် အဆင့်ထိရောက်အောင် လက်ရှိတွင် ကဏ္ဍအသီးသီးမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ဒေသထွက်သီးနှံကုန်ကြမ်းများကို အခြေခံသည့် ဒေသထွက်ကုန်များအား ထုတ်လုပ်ရာတွင် ထုတ်ကုန်အရည်အသွေးကောင်းမွန်စေရေးနှင့် ထုပ်ပိုးမှုစနစ် ကောင်းမွန်စေရေးမှာလည်း အရေးကြီးသည့်အတွက် ပြည်တွင်းသာမက ပြည်ပသို့ တင်ပို့နိုင်ရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်ရန်လည်း လိုအပ်နေသေးသည်။

**One Region – One Product ဖြစ်စေရေး**

လက်ရှိတွင် နိုင်ငံတော်အစိုးရသည် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီး ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်မည့် အသေးစား၊ အငယ်စားစီးပွားရေးလုပ်ငန်း (MSME) များကို အားပေးမြှင့်တင်လျက်ရှိပြီး တစ်ဖက်တွင်လည်း One Region – One Product အရ ဒေသ၏ နာမည်ကြီးထုတ်ကုန်များအား ထုပ်ပိုးမှုမှအစ ကုန်ပစ္စည်းအရည်အသွေး တိုးတက်ကောင်းမွန်စေရေးနှင့် ဈေးကွက်ကျယ်ပြန့်စွာ ဖြန့်ဖြူးရောင်းချနိုင်ရေး အဘက်ဘက်မှ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ပြင်ဦးလွင်မြို့၏ အဓိကထွက်ကုန်များဖြစ်သော ကော်ဖီ၊ စတော်ဘယ်ရီ၊ မက်မန်း၊ နေကြာ၊ မလိုင်မုန့်၊ ဆွယ်တာ၊ ဒေသထွက်ရာသီအလိုက်ပန်းမန်များသည် လက်ရှိတွင် နိုင်ငံတွင်း၌ ဈေးကွက်များ ခိုင်မာစွာရရှိထားဆဲဖြစ်သည်။ ထိုမှတစ်ဆင့် ဈေးကွက်ဝင်ဒေသထွက်ကုန်များကို အခြေခံကာ တန်ဖိုးမြှင့်ထုတ်ကုန်များ ဆက်လက်ထုတ်လုပ်ဖြန့်ဖြူးနိုင်ခြင်းဖြင့် ဒေသဖွံ့ဖြိုးရေးကို အလျင်အမြန်အထောက်အကူပြုနိုင်ရေး ဆက်လက်ဆောင်ရွက်ရမည်ဖြစ်သည်။

**ပြင်ဦးလွင် ဒေသထွက်ကုန် မက်မန်း**

ပြင်ဦးလွင်ဒေသထွက်ကုန် မက်မန်းသည် ရှေးယခင် နှစ်ပေါင်းများစွာကပင် ဈေးကွက်ဝင်သီးနှံတစ်မျိုးအဖြစ် ၁၂ ရာသီပတ်လုံး ထုတ်လုပ်ရောင်းချနေရသော စီးပွားဖြစ်သီးနှံတစ်မျိုးဖြစ်သည်။ ပြင်ဦးလွင်မြို့နယ်၌ မက်မန်းသီးပင်



ပြင်ဦးလွင်မြို့၌ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသော မက်မန်းပင်များ။

**မက်မန်းသီးပင်စိုက်ပျိုးမည်ဆိုပါက စိုက်ပျိုးမည့်မြေနေရာအား သမားရိုးကျနည်းထက် တောင်သူများက မြေပြုပြင်စိုက်ပျိုးရန်လည်း လိုအပ်သည်။ ထိုသို့ စနစ်တကျ စိုက်ပျိုးမည်ဆိုပါက နှစ်ရှည် သီးထွက်ကောင်းသော မက်မန်းသီးပင်မျိုးအဖြစ် ရရှိနိုင်မည်ဖြစ်သည်။ မက်မန်းသီးပင် စိုက်ပျိုးမည်ဆိုပါက ဦးစွာတောခုတ်၊ ကျွန်းခွေခြင်းလုပ်ငန်းများ စတင်လုပ်ဆောင်ရန် လိုအပ်သည်။ ထို့နောက် ထယ်နှစ်စပ်၊ ထွန်တစ်စပ် မြေပြုပြင်ပေးရမည်ဖြစ်ပြီး ထိုမှတစ်ဆင့် မြေပြင်ကို ပန္နက်ရိုက်ခြင်း (၁၅ x ၁၅) ပေ၊ ကျင်းတူးခြင်း၊ ကျင်းအတွင်းသို့ သဘာဝမြေဩဇာ၊ နွားချေးမြေဩဇာနှင့် ဓာတ်မြေဩဇာများ သမအောင် ရောမွှေထည့်သွင်း၍ ကျင်းဖုံးပေးထားရန် လိုအပ်သည်။ ယင်းအဆင့်များ လုပ်ဆောင်ပြီးပါက မက်မန်းသီးပင်များကို စီးပွားဖြစ် စတင်စိုက်ပျိုးနိုင်**

များ စိုက်ပျိုးလျက်ရှိသော ကျေးရွာအုပ်စုများမှာ နောင်ပိန်၊ မဲတော၊ ပန်းဦးတောင်၊ မျှော့တော၊ ကျွဲနွားထောက်၊ ရွှေသင်းတို့ဖြစ်ပြီး တစ်မြို့နယ်လုံး အတိုင်းအတာဖြင့် ၉၅၃ ဧက စိုက်ပျိုးထားကြောင်း သိရသည်။

ပြင်ဦးလွင်မြို့ ကျေးရွာအုပ်စုအသီးသီးရှိ မက်မန်းစိုက်ဧက ၉၅၃ ဧကမှ ထွက်ရှိသော မက်မန်းသီးများကို လက်ရှိတွင် မက်မန်းဝိုင်ပြုလုပ်ခြင်း၊ မက်မန်းအချဉ်ပေါင်း၊ မက်မန်းပျားရည်စိမ်၊ မက်မန်းသီးပြား၊ မက်မန်းတော်ဖီ၊ မက်မန်းယိုထိုးခြင်းနှင့် မက်မန်းဂျယ်လီပြုလုပ်ခြင်း စသဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ပြောင်းလဲကာ ပြည်တွင်း၌ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

**မက်မန်းပင်စတင်ခဲ့ပုံ သမိုင်းနှင့် မက်မန်းပင်မျိုးစိတ်များ**

မက်မန်းသီးပင် (DAMSON PLANT) သည် Family Name အားဖြင့် Rosaceae ၊ Genus မှာ Prunus ဖြစ်ပြီး Scientific Name မှာ Prunus Domestica ဖြစ်သည်။ မက်မန်းသီးပင် သမိုင်းကြောင်းကို လေ့လာကြည့်ရာတွင် မက်မန်းသီးပင်သည် ရောမခေတ် ဗြိတိန်နိုင်ငံတွင် စတင်စိုက်ပျိုးခဲ့ကြောင်း သိရသည်။ ယင်းမှတစ်ဆင့် ဥရောပနိုင်ငံများသို့ ပျံ့နှံ့ခဲ့ပြီး ၁၈ ရာစု ၁၉ ရာစုပိုင်းတွင် ဗြိတိန်နိုင်ငံမှ စက်မှုကုန်ကြမ်းသီးနှံအဖြစ် စိုက်ပျိုးခဲ့သည့် သီးနှံတစ်ခုဖြစ်သည်။ ၁၉ ရာစုနှောင်းပိုင်းတွင် မက်မန်းသီးမျိုးစိတ် ရှစ်မျိုး၊ ကိုးမျိုးခန့်ရှိခဲ့ပြီး ယင်းနောက် အာရှနိုင်ငံများသို့ ပျံ့နှံ့စိုက်ပျိုးခဲ့ခြင်းဖြစ်ကြောင်း မှတ်တမ်းများအရ သိရသည်။ လက်ရှိပြင်ဦးလွင်ဒေသတွင် စိုက်ပျိုးနေသော မက်မန်းသီးပင်မျိုးများမှာ ပြင်ဦးလွင်မြို့သို့ ကိုလိုနီအစိုးရယူခဲ့သော မျိုးစိတ်ပျိုးပင်များဖြစ်သည်ဟုလည်း သိရသည်။ ပြင်ဦးလွင်မြို့တွင် စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် မက်မန်းသီးမျိုးများမှာ မက်မန်းသီးအဝါမျိုး၊ မက်မန်းသီးအနီမျိုး၊ မက်မန်းသီးအစိမ်းမျိုး စသည့်သုံးမျိုး စိုက်ပျိုးဖြစ်ထွန်းလျက်ရှိပြီး လားရှိုး၊ ကွတ်ခိုင် အလုံးကြီး မက်မန်းမျိုး (Table Type)လည်း ယခုနောက်ပိုင်းတွင် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**မက်မန်းသီးပင်စိုက်ပျိုးရန် မြေပြုပြင်ခြင်းကဏ္ဍ**

မက်မန်းသီးပင်စိုက်ပျိုးမည်ဆိုပါက စိုက်ပျိုးမည့်မြေနေရာအား သမားရိုးကျနည်းထက် တောင်သူများက မြေပြုပြင်စိုက်ပျိုးရန်လည်း လိုအပ်သည်။ ထိုသို့ စနစ်တကျ စိုက်ပျိုးမည်ဆိုပါက နှစ်ရှည်သီးထွက်ကောင်းသော မက်မန်းသီးပင်မျိုးအဖြစ် ရရှိနိုင်မည်ဖြစ်သည်။ မက်မန်းသီးပင် စိုက်ပျိုးမည်ဆိုပါက ဦးစွာတောခုတ်၊ ကျွန်းခွေခြင်းလုပ်ငန်းများ စတင်လုပ်ဆောင်ရန် လိုအပ်သည်။ ထို့နောက် ထယ်နှစ်စပ်၊ ထွန်တစ်စပ် မြေပြုပြင်ပေးရမည်ဖြစ်ပြီး ထိုမှတစ်ဆင့် မြေပြင်ကို ပန္နက်ရိုက်ခြင်း (၁၅ x ၁၅) ပေ၊ ကျင်းတူးခြင်း၊ ကျင်းအတွင်းသို့ သဘာဝမြေဩဇာ၊ နွားချေးမြေဩဇာနှင့် ဓာတ်မြေဩဇာများ သမအောင် ရောမွှေထည့်သွင်း၍ ကျင်းဖုံးပေးထားရန် လိုအပ်သည်။ ယင်းအဆင့်များ လုပ်ဆောင်ပြီးပါက မက်မန်းသီးပင်များကို စီးပွားဖြစ် စတင်စိုက်ပျိုးနိုင်ပြီဖြစ်သည်။

**မက်မန်းသီးပင် စိုက်နည်းစနစ်နှင့် မျိုးစုဆောင်းခြင်း**

မက်မန်းသီးပင် တစ်ဧကလျှင် စိုက်ပျိုးနိုင်မှုနှုန်းမှာ ၁၉၃ ပင်ဖြစ်ပြီး တစ်ပင်နှင့်တစ်ပင် ၁၅ ပေခြား၊ တစ်ကျင်းလျှင် နှစ်ပေပတ်လည် ကျင်းများတူး၍ နှစ်လခန့် နှပ်ထားရန် လိုအပ်သည်။ မက်မန်းသီးပင်၏ မျိုးများရယူရာတွင် ပင်ခြေ Sucker(သားတက်)များမှ ရယူခြင်းနည်းနှင့် မက်မန်းသီးအစေ့မှ မျိုးပင်ရယူခြင်း စသည့် နည်းလမ်းနှစ်မျိုးဖြင့် မျိုးစုဆောင်းရယူနိုင်သည်။ မက်မန်းသီးပင်မျိုး စုဆောင်းမည်ဆိုပါက မေလအတွင်း Sucker အပင်ပေါက်များကို တူးယူကာ အမြစ်ထွက်စေသော ဟော်မုန်းဆေးများ အသုံးပြု၍ မျိုးစုဆောင်းနိုင်သည်။

**စိုက်ချိန်၊ မြေအမျိုးအစားနှင့် ရာသီဥတု**

မက်မန်းသီးပင်စိုက်ပျိုးချိန်မှာ ရေရရှိပါက ဧပြီလနှင့် ဇွန်လအတွင်း စိုက်ပျိုးပါက အသင့်လျော်ဆုံးအချိန်ဖြစ်ပြီး မက်မန်းသီးအထွက်နှုန်း အကောင်းဆုံးဟု သိရသည်။ စိုက်ပျိုးရာတွင် မြေချဉ်ငံဓာတ် pH (4.5 မှ 5.5) အထိရှိသော မြေနီသဲဝန်းတွင် ပိုမိုစိုက်ပျိုးဖြစ်ထွန်းနိုင်သည်ဟု ဆိုသည်။ မက်မန်းသီးပင် စိုက်ပျိုးဖြစ်ထွန်းနိုင်သော ရာသီဥတုမှာ အေးမြ၍ ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၀၀၀ မှ ၄၅၀၀ အကြားရှိသည့် ခြောက်သွေ့သော ဒေသများတွင် စိုက်ပျိုးနိုင်ကာ မိုးရေချိန်အားဖြင့် ၁၀ နှစ် ပျမ်းမျှမိုးရွာရက် ၉၄ ရက်၊ မိုးရေချိန်လက်မ ၆၉ ဒသမ ၀၈ ဖြစ်သည်။ မက်မန်းသီးပင်စိုက်ပျိုးရာတွင် မက်မန်းပျိုးပင်များကို အသင့်ပြင်ထားသော ကျင်းများတွင် ပျိုးအိတ်ဖြင့်လည်းကောင်း၊ အပင်လွတ် တိုက်ရိုက်စနစ်ဖြင့်လည်းကောင်း စနစ်တကျချ၍ စိုက်ပျိုးရမည်ဖြစ်သည်။ ထိုသို့ စိုက်ပျိုးပါက အထွက်နှုန်းပိုမိုတိုးတက်နိုင်မည်ဖြစ်ပြီး မက်မန်းစိုက်တောင်သူများအဖို့ ဝင်ငွေများ ပိုမိုတိုးတက်ရရှိနိုင်မည်ဖြစ်သည်။

**အပင်ပြုစုခြင်းကဏ္ဍ**

မက်မန်းသီးပင်စိုက်ပျိုးထားသော ဧကများ၌ ဖေဖော်ဝါရီလအတွင်းတွင် မြေဆီလွှာအစိုဓာတ် လုံလောက်စွာရရှိရေးအတွက် အပင်ခြေတွင် ပင်ခြေဖုံးခြင်း ပြုလုပ်ခြင်းများ ဆောင်ရွက်ပေးရမည်ဖြစ်သည်။ မက်မန်းသီးတစ်ပင်လျှင် ငယ်စဉ်အရွယ်၌ ရေနှစ်ဂါလန် တစ်ပတ်နှစ်ကြိမ်ခန့် လောင်းပေးရမည်ဖြစ်ပြီး အပင်ငယ်စဉ်တွင် ပိုးမွှားရောဂါကျရောက်မှု ရှိ မရှိ

*စာမျက်နှာ ၁၇ သို့*

## ကံမမြို့နယ် ကျောက်ပြုတ် - အင်ကြီးကုန်း - ဆန်တုံ ကျေးရွာချင်းဆက်လမ်း အဆင့်မြှင့်တင်ပြီးစီး

ကံမ ဇူလိုင် ၂၁

မကွေးတိုင်းဒေသကြီး ကံမမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်သော ကျောက်ပြုတ်- အင်ကြီးကုန်း- ဆန်တုံ ကျေးရွာချင်းဆက်လမ်း မြေသားတာပေါင်တိုးချဲ့ခြင်းနှင့် မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။**(အောက်ပုံ)**

အဆိုပါ ကျေးရွာချင်းဆက်လမ်းမှာ ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၃၈ ဒသမ ဝ၈၉ သန်းဖြင့် လမ်းအရှည် တစ်မိုင်၊ အကျယ် ၁၈ ပေနှင့် ထု ၈ လက်မဖြင့် မြေနီကျောက်စရစ်ခင်းကျင်းဆောင်ရွက်ပြီးစီးခဲ့သဖြင့် ကျေးရွာအုပ်စုသုံးစုမှ ကျေးရွာခြောက်ရွာ အိမ်ခြေ ၆၆၄ အိမ်၊ လူဦးရေ ၂၄၃၂ ဦးတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ကာ သွားလာရေး လွယ်ကူအဆင်ပြေမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။ **ကျော်ဇေယျာဝင်း(ကံမ)**



## ပင်လောင်းမြို့နယ်၌ ပညာရေးဌာနသို့ ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်



ပင်လောင်း ဇူလိုင် ၂၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ပင်လောင်းမြို့နယ် နန်းတုတ်ကျေးရွာအုပ်စု ပင်စုံကျေးရွာ မူလတန်းကျောင်းနှင့် သပြေကုန်းကျေးရွာအုပ်စု ဒေင်ကျေးရွာ အလယ်တန်းကျောင်း ကျောင်းဆောင်သစ်များအား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၂၀ ရက်က အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဗိုလ်မှူးညီညီမင်းနှင့် မြို့နယ်ပညာရေးမှူး ဦးတင်ငွေတို့က အမှာစကား ပြောကြားကြပြီး နိပ္ပွန်ဖောင်ဒေးရှင်း (စေတနာအဖွဲ့) အမှုဆောင်ဒါရိုက်တာ ဦးတင်လေးက စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိပ္ပွန်ဖောင်ဒေးရှင်း (စေတနာအဖွဲ့) အမှုဆောင်ဒါရိုက်တာနှင့် ပင်စုံကျေးရွာ၊ ဒေင်ကျေးရွာများမှ ကျောင်းအကျိုးတော်ဆောင် အဖွဲ့များက ကျောင်းဆောင်သစ်နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ရာ မြို့နယ်ပညာရေးမှူးက လက်ခံရယူသည်။ ဆက်လက်၍ နိပ္ပွန်ဖောင်ဒေးရှင်း (စေတနာအဖွဲ့)မှ လူထုဖွံ့ဖြိုးရေးကော်မတီထံသို့ ဖွံ့ဖြိုးရေးရန်ပုံငွေများ ပေးအပ်သည်။

အဆိုပါ ဒေင်ကျေးရွာ အလယ်တန်းကျောင်း တစ်ထပ်ကျောင်းဆောင်သစ် အလျား ပေ ၁၂၀၊ အနံ ပေ ၃၀ ကို စုစုပေါင်းငွေကျပ် ၉၈၃၃၉၀၉၀ ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ပင်စုံကျေးရွာ မူလတန်းကျောင်း တစ်ထပ် ကျောင်းဆောင်သစ် အလျား ပေ ၉၀၊ အနံ ပေ ၃၀ ကို စုစုပေါင်းငွေကျပ် ၁၀၃၄၉၉၄၇၉ ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ပင်လောင်းမြို့နယ်၌ နိပ္ပွန်ဖောင်ဒေးရှင်း (စေတနာအဖွဲ့)မှ ကျေးရွာပြည်သူများနှင့် ပူးပေါင်း ဆောက်လုပ်ခဲ့သည့် ကျောင်းဆောင်ပေါင်း ၂၃ ကျောင်း၊ Mini စီမံကိန်းကျောင်း ခုနစ်ကျောင်း လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အုတ်တွင်းမြို့နယ်၌ လူငယ်စကားဝိုင်းကျင်းပ

အုတ်တွင်း ဇူလိုင် ၂၁

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် အထက(ခွဲ) ဘန့်ဘွေးကုန်း၌ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဇူလိုင် ၁၈ ရက်က ကျင်းပသည်။

လူငယ်စကားဝိုင်းတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နွယ်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်မူမူဝင်းက လူငယ်စကားဝိုင်းကျင်းပသည့် ရည်ရွယ်ချက်များကို ပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဆောင်ပြီး ကျောင်းသား ကျောင်းသူ ခြောက်ဦးက လူငယ်နှင့် ခေါင်းဆောင်ကောင်း၊ လူငယ်နှင့် မူးယစ်ဆေး၊ လူငယ်နှင့်စာဖတ်ခြင်း၊ လူငယ်နှင့်ပညာရေး၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့်နည်းပညာ ခေါင်းစဉ်များဖြင့် ဆွေးနွေးကြရာ တက်ရောက်သည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည့် အချက်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**အေမင်းရည်စော(ပြန်/ဆက်)**



*စာမျက်နှာ ၁၆ မှ*

စနစ်တကျ ကြည့်ရှုစစ်ဆေးပြီး လိုအပ်ပါက ပိုးသတ်ဆေး၊ မှိုသတ်ဆေးများကို အသုံးပြု၍ နှိမ်နင်းပေးရမည်ဖြစ်သည်။ ထို့နောက် အပင်သက်တမ်းရလာသည်နှင့်အမျှ မက်မန်းသီးပင်၏ ပင်စည်အရင်းမှ ပင်ပွားများ၊ ကိုင်းပွားများကို သန့်ရှင်းပုံသွင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ရမည်ဖြစ်သည်။ စိုက်ပျိုးပြီးချိန်မှစ၍ သုံးနှစ်မှ ငါးနှစ်အတွင်း ပန်းစပွင့်၍ အသီးစသီးမည်ဖြစ်သည်။

### အအေးပိုင်းသီးနှံ မက်မန်း

မက်မန်းပင်များသည် အမြဲစိမ်းအပင်မျိုးမဟုတ်ဘဲ အအေးပိုင်းသီးနှံမျိုးဖြစ်သည့်အတွက် နိုဝင်ဘာလအတွင်း ယင်းအပင်ပေါ်ရှိအရွက်များအားလုံး ကြွေကျသွားပြီး ရိုးတံများသာ ရှိကြသည်။ ထို့နောက် မတ်လလယ်လောက်တွင် ပန်းပွင့်များ စတင်ပွင့်လာပြီး ယင်းပန်းပွင့်များစုံပါက အရွက်နုများစတင်ထွက်ရှိလာကြသည်။ ယင်းအချိန်တွင် အသီးကင်းများလည်း စတင်ထွက်ရှိလာပြီး သီးထွက်ကောင်းသည့် မက်မန်းမျိုးပင် တစ်ပင်ဖြစ်လာမည်ဖြစ်သည်။ ထိုသို့စတင် ထွက်ရှိချိန်တွင် ပန်းပွင့်များ ဦးစွာမပွင့်ဘဲ အရွက်နုများသာ စတင်ထွက်ရှိလာပါက ယင်းအပင်သည် မက်မန်းသီးထွက်ကောင်းသည့် မျိုးပင်မဖြစ်နိုင်တော့ကြောင်း တောင်သူများက သတိပြုရမည်ဖြစ်သည်။ ပန်းပွင့်များ၊ သီးကင်းများဖြင့် အဆင့်ဆင့်ထွက်ရှိသော မက်မန်းသီးပင်သည် မတ်လလယ်မှစ၍ လေးလတာကာလကြာမြင့်ချိန်တွင် ရင့်မှည့်ချိန်ရောက်ရှိသဖြင့် စတင်ဆွတ်ခူးနိုင်ပြီဖြစ်သည်။

### မက်မန်းသီးထွက်နှုန်း

မက်မန်းသီးပင် တစ်ပင်လျှင် မက်မန်းသီးထွက်ရှိမှုအားဖြင့် ပထမသီးသော မက်မန်းသီးပင်သည် အပင်သေးငယ်သောကြောင့် တစ်ပင်လျှင် တစ်ပြည်ခန့်ရရှိမည်ဖြစ်ပြီး ဒုတိယသီးသောနှစ် ခြောက်နှစ်သားပင် ရောက်သည့်အခါ တစ်ပင်လျှင် မက်မန်းသီးနှစ်ပြည်ခန့် ရရှိမည်ဖြစ်သည်။ ထို့မှတစ်ဆင့် မက်မန်းသီးပင် သက်တမ်းရင့်လာသည်နှင့်အမျှ ပြုစုထိန်းသိမ်းမှုအပေါ်မူတည်ပြီး သီးနှံထွက်နှုန်းများ တိုးတက်မြင့်မားလာမည်ဖြစ်သည်။ မက်မန်းသီးပင်အမြင့်ဆုံး အသီးထွက်ရှိသည့်အချိန်မှာ ၁၅ နှစ်သားအရွယ်ဖြစ်ပြီး တစ်ပင်လျှင် မက်မန်းသီး ငါးတင်းနှုန်းခန့် ထွက်ရှိနိုင်ပြီး ဝင်ငွေကောင်းသော စိုက်ပျိုးသီးနှံတစ်ခုအဖြစ် တောင်သူများအတွက် အကျိုးများစွာ ဖြစ်ထွန်းနိုင်သည့် သီးနှံတစ်မျိုးဖြစ်ကြောင်း လေ့လာသိရှိရသည်။

### မက်မန်းသီးပင်၏ သက်တမ်းနှင့် ဝင်ငွေရရှိမှု

ပင်ခြေသားတက်များမှ ရယူစိုက်ပျိုးထားသော မက်မန်းသီးပင်၏ သက်တမ်းမှာ နှစ် ၃၀ လောက်သာ ရှင်သန်ကြီးထွားနိုင်ကြောင်းနှင့် မက်မန်းသီးပင်တစ်ပင်သည် အပင်သက်တမ်းအလျောက် အမြင့်ပေ ၁၅ ပေအထိ မြင့်မားနိုင်ကြောင်း သိရသည်။ ပုံမှန်စိုက်ပျိုးထားသော မက်မန်းသီးပင်သည် စတင်စိုက်ပျိုးသည့်အချိန်မှ ၁၈ နှစ်၁၉ နှစ်အထိသီးထွက်နှုန်းများတိုးသော်လည်း အနှစ် ၂၀ နောက်ပိုင်းအကြာတွင် သီးထွက်နှုန်းများ ကျဆင်းတတ်သည်ကို တွေ့ရှိရသည်။ ထို့သို့ သီးနှံထွက်နှုန်းများ မကျဆင်းစေရေးနှင့် နှစ်ရှည်သီးနှံတစ်ခုအဖြစ် ဝင်ငွေပိုမိုတိုးတက်စေရေးအတွက် တောင်သူများအနေဖြင့် မက်မန်းသီးပင်၏ ရင့်မှည့်သော အသီးမှအစေ့ကို ရယူစိုက်ပျိုးထားသော မက်မန်းသီးပင်အား တစ်နှစ်သားခန့်အရွယ်တွင် ကိုင်းဆက်ခြင်းနည်းပညာဖြင့် မျိုးပွားထားနိုင်ကြောင်း သိရသည်။ ထိုသို့ ကိုင်းဆက်နည်းပညာဖြင့် စိုက်ပျိုးထားသော မက်မန်းသီးပင်တစ်ပင်၏ သက်တမ်းမှာ နှစ် ၅၀ ခန့်အထိ ကြာမြင့်နိုင်ကြောင်း လေ့လာသိရှိရသည်။ ထို့သို့ဖြင့် မက်မန်းစိုက်တောင်သူများသည် မက်မန်းသီးပင် စတင်စိုက်ပျိုးသည့် သုံးနှစ်မှ ငါးနှစ်အတွင်း အသီးစတင်ရရှိနိုင်ပြီး အပင် ခုနစ်နှစ်သားအရွယ်မှစ၍ အပင်သက်တမ်းပေါ် မူတည်၍ မက်မန်းစိုက်တောင်သူများအဖို့ နှစ်စဉ်စီးပွားဖြစ် ဝင်ငွေအကျိုးအမြတ်များ တိုးတက်ရရှိမည်ဖြစ်သည်။

### မက်မန်းစိုက်တောင်သူများ ဆောင်ရွက်သင့်သည့်အချက်များ

စီးပွားဖြစ် မက်မန်းစိုက်ပျိုးရာတွင် သီးထွက်နှုန်း ပိုမိုကောင်းမွန်စေရေး တောင်သူများမဖြစ်မနေ ဆောင်ရွက်ရမည့် အချက်များလည်းရှိသည်။ ယင်းတို့မှာ မက်မန်းစိုက်ပျိုးထုတ်လုပ်မှုအတွက် ရေပေးစနစ်မှန်ကန်စေရေး၊ အပင်အာဟာရ ရရှိစေရေးအတွက် အစာကြွေးစနစ်မှန်ကန်စေရေး၊ ထို့သို့ အစာကြွေးရာတွင်လည်း အချိန်မှန်/အချိုးကျ ကျွေးနိုင်ရေးနှင့် စိုက်နည်းစနစ်မှန်ကန်ရေး ဂရုစိုက်ဆောင်ရွက်သင့်သည်။ ထို့ပြင် ပိုးရောဂါ၊ မှိုရောဂါ နှိမ်နင်းခြင်းလုပ်ငန်းများ၊ ကိုင်းပြင်ခြင်းလုပ်ငန်းများနှင့် ကိုင်းညှပ်ခြင်းနည်းကို အသုံးပြုကာ ဆောင်ရွက်စိုက်ပျိုးပါက သီးထွက်များ ပိုမိုရရှိပြီး တောင်သူများအဖို့ နှစ်စဉ်ဝင်ငွေများ တိုးတက်ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

### စီးပွားဖြစ် တိုးချဲ့စိုက်ပျိုး

မက်မန်းသီးပင်စိုက်ပျိုးရေးနှင့် ပတ်သက်၍ တစ်ပိုင်တစ်နိုင် စိုက်ပျိုးထုတ်လုပ်မှုမှသည် မက်မန်းသီးပင်အား စီးပွားဖြစ်တိုးချဲ့စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် ကျေးရွာအုပ်စုများတွင် တစ်ဦးချင်းဖြစ်စေ၊ အစုအဖွဲ့လိုက်ဖြစ်စေ ဆောင်ရွက်နိုင်စေရန် သက်ဆိုင်ရာဌာနများနှင့် နိုင်ငံတော်အစိုးရက ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်ပေးမည်ဖြစ်သောကြောင့် တောင်သူများအနေဖြင့် အကျိုးအမြတ်များ ပိုမိုရရှိစေရေး စနစ်တကျစိုက်ပျိုးရန် လိုအပ်သည်။ ထို့ပြင် မက်မန်းသီး အစိုအဆင့်မှ ကုန်ချောအဆင့်အထိ ထုတ်လုပ်နိုင်မှုအတွက် စနစ်တကျစီမံခန့်ခွဲမှု၊ ဈေးကွက် စသည့် ကုန်ထုတ်လုပ်မှုအဆင့်ဆင့်အတွက် ကျွမ်းကျင်လုပ်သားရရှိရန်မှာလည်း အရေးကြီးသောကြောင့် မက်မန်းသီးပင်များကို စနစ်ကျသော စိုက်ပျိုးရေးစနစ်များဖြင့် စိုက်ပျိုးထိန်းသိမ်းပါက တောင်သူများအနေဖြင့် သီးထွက်ကောင်းသောနှစ်ရှည် မက်မန်းသီးပင်များ ပိုင်ဆိုင်နိုင်ပြီး နှစ်စဉ်ဝင်ငွေများ ပိုမိုရရှိစေနိုင်မည်ဖြစ်ပါသည်။ အထက်ဖော်ပြပါ စိုက်ပျိုးရေးနည်းစနစ်များဖြင့် စနစ်တကျစိုက်ပျိုးပါက One Region – One Product ဆိုသည့်အတိုင်း ပြင်ဦးလွင်ဒေသထွက် မက်မန်းသီးများသည် ဒေသတွင်းဈေးကွက်များ၌ နာမည်ပိုမိုရရှိလာမည်ဖြစ်သည်။

ထို့မှတစ်ဆင့် ဒေသဖွံ့ဖြိုးရေးနှင့် အသေးစား၊ အလယ်အလတ်စား စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးတက်လာစေကာ နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုစေမည့် မက်မန်းပိုကုန်တစ်မျိုး ဖြစ်လာနိုင်မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ဘောလုံးလောကမှာရှိတဲ့ ကစားသမားတွေဆိုတာ နိမ့်တစ်ခါ မြင့်တစ်လှည့်ဖြစ်ပြီး ခြေစွမ်းတက်နေတဲ့ အခိုက်အတန့်ကာလတစ်ခုကို အချိန်အတိုင်းအတာတစ်ခုအထိ ဆက်လက်ထိန်းထားနိုင်တဲ့ ကစားသမားကိုမှ အရည်အသွေးမြင့် ထိပ်တန်းကစားသမားလို့ သတ်မှတ်လေ့ရှိကြတယ်။

# ရက်ဖို့ဒ်နဲ့ မန်ယူအသင်းရဲ့ တိုက်စစ်လားရာ

■ လင်းလက်ကြယ်

ပြီးခဲ့တဲ့ ရာသီမှာ ခြေစွမ်းကောင်းတချို့ ပြသထားနိုင်တဲ့ မန်ယူအသင်း အဓိက တိုက်စစ်ကစားသမား မားကက်ရက်ဖို့ဒ်ကိုရော ထိပ်တန်းကစားသမားလို့ သတ်မှတ်လို့ရပြီလားဆိုတာ မေးစရာဖြစ်လာတယ်။ အင်္ဂလန်နိုင်ငံ မန်ချက်စတာမှာ မွေးဖွားခဲ့တဲ့ ရက်ဖို့ဒ်ဟာ အခုဆိုရင် အသက် ၂၅ နှစ်ကို ရောက်ရှိလာပြီ ဖြစ်တယ်။

အင်္ဂလန်အသင်းအတွက် ရှစ်နှစ်ကြာ ကစားပြီး သွင်းဂိုး ၁၆ ဂိုးသွင်းယူထားနိုင်တဲ့ ရက်ဖို့ဒ်အနေနဲ့ ပြီးခဲ့တဲ့ ရာသီမှာ အသင်းအတွက် လိုအပ်တဲ့ သွင်းဂိုးတွေ၊ အရေးပါတဲ့ သွင်းဂိုးတွေ ရယူထားနိုင်တာကြောင့် လက်ရှိအချိန် ဥရောပမှာ တိုက်စစ်အကောင်းဆုံး ကစားသမားတွေထဲက တစ်ဦးအဖြစ် သတ်မှတ်ခံထားရသူ ဖြစ်နေပါပြီ။



နည်းပြတန်ဟက်ရဲ့ လက်ထက်ကျမှ ဒီလို သွင်းဂိုးတွေရယူကာ ထက်မြက်တဲ့ တိုက်စစ်ကစားသမား ဖြစ်လာတာဆိုရင် မှားဖွယ်ရာ မရှိဘူး။ ပြောမယ်ဆိုရင် အိုးထရက်ဖို့ဒ်ကို တန်ဟက် မရောက်လာခင် အချိန်အထိ နည်းပြအဆက်ဆက်မှာ ရက်ဖို့ဒ်ရဲ့ ခြေစွမ်းက သိသိသာသာတိုးတက်လာခြင်း မရှိဘဲ တစ်ရာသီအတွင်းမှာ ရှစ်ဂိုး၊ ၁၃ ဂိုး၊ ၂၂ ဂိုး စသဖြင့်သာ သွင်းယူထားနိုင်ပြီး တစ်ရာသီပြီး တစ်ရာသီ ကုန်ဆုံးခဲ့ရတာ ဖြစ်တယ်။

## သွင်းဂိုးအများဆုံး သွင်းယူထားနိုင်

၂၀၁၉-၂၀၂၀ ရာသီ နည်းပြ ဆိုးလ်ရှား လက်ထက်မှာ ရက်ဖို့ဒ်အနေနဲ့ ပြိုင်ပွဲအရပ်ရပ် ၄၄ ပွဲကစားပြီး သွင်းဂိုး ၂၂ ဂိုး ရယူထားနိုင်တာကြောင့် ကစားသမားဘဝ တစ်လျှောက် သွင်းဂိုးအများဆုံး သွင်းယူထားနိုင်တဲ့ ရာသီလို့ ဆိုနိုင်တယ်။

ဒါပေမယ့် နည်းပြ တန်ဟက် အိုးထရက်ဖို့ဒ်ကို ရောက်ရှိလာတဲ့ ပထမဆုံးရာသီမှာပဲ တိုက်စစ်ကစားသမား ရက်ဖို့ဒ်အနေနဲ့ ပြိုင်ပွဲစုံ ၅၆ ပွဲမှာ ဂိုးပေါင်း ၃၀ အထိ သွင်းယူနိုင်ကာ ခြေစွမ်းသိသိသာသာ တိုးတက်လာခဲ့ပါတယ်။ ရက်ဖို့ဒ်ရဲ့ ခြေစွမ်း တိုးတက်လာတာကြောင့် လူအများရဲ့ အာရုံစိုက်မှုကို တစ်မုဟုတ်ချင်း ရယူထားနိုင်ခဲ့တယ်။

## လက်လွှတ်ဆုံးရှုံးရမယ့် အခြေအနေကို ဆိုက်ရောက်လာ

ပီအက်စ်ဂျီ၊ ဘာစီလိုနာ စတဲ့ အသင်းကြီးတွေ အပါအဝင် ကလပ်အသင်းအများအပြားက ရက်ဖို့ဒ်ကို ခေါ်ယူဖို့အထိ ဖြစ်လာခဲ့တယ်။ အဲဒီနောက် မန်ယူအသင်းဟာ ဂိုးသွင်းထက်မြက်တဲ့ တိုက်စစ်ကစားသမားကို လက်လွှတ်ဆုံးရှုံးရမယ့် အခြေအနေကို ဆိုက်ရောက်လာခဲ့တာကြောင့် စာချုပ်သစ်နဲ့ပတ်သက်ပြီး ဆွေးနွေးမှု စတင်ခဲ့ရပါတော့တယ်။

ရက်ဖို့ဒ်နဲ့ မန်ယူအသင်းတို့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းက လာမယ့်နှစ်မှာ ကုန်ဆုံးတော့မှာဖြစ်တာကြောင့် စာချုပ်သစ်ကိစ္စကို ကာလအတန်ကြာ ဆွေးနွေးခဲ့ရပါတယ်။ အဲဒီလိုဆွေးနွေးအပြီးမှာတော့ ရက်ဖို့ဒ်ဟာ တစ်ပတ်လုပ်ခ ပေါင် ၃၂၅ ၀၀၀ နဲ့အတူ ၂၀၂၈ ခုနှစ်အထိ သက်တမ်းတိုး စာချုပ်ချုပ်ဆိုလိုက်ပါတယ်။

| |
|---|
| ရက်ဖို့ဒ် (၂၅ နှစ်) |
| မန်ယူ (တိုက်စစ်) |
| ၃၅၉ ပွဲကစား ၁၂၃ ဂိုးသွင်း |

## ဂိုးသမားနေရာအတွက် ရှာဖွေလုပ်ဆောင်ရပြန်

ဒ့်အပြင် အသင်းမှ အဓိက အားထားရတဲ့ ဂိုးသမား ဒီဂီယာကလည်း အသင်းကနေ ထွက်ခွာသွားပြီဖြစ်တာကြောင့် နံပါတ်တစ် ဂိုးသမားနေရာအတွက် အပူတပြင်းရှာဖွေလုပ်ဆောင်ရပြန်ပါတယ်။ သတင်းတွေအရ အင်တာမီလန်အသင်းမှ ကင်မရွန်း ဂိုးသမား အိုနာနာနဲ့ သဘောတူညီမှု ရရှိကာ အိုးထရက်ဖို့ဒ်ကို ရောက်ဖို့ အလွန်နီးစပ်နေတယ်လို့ သတင်းတွေ ကျယ်ကျယ်ပြန့်ပြန့်ထွက်ပေါ်ထားတယ်။

မည်သို့ပင်ဆိုစေ မန်ယူအသင်းအနေနဲ့ လာမယ့်နှစ်မှာ ပရီမီယာလိဂ်ဖလားကို စိန်ခေါ်နိုင်ဖို့ဆိုရင် ခံစစ်ပိုင်း ကျစ်လျစ်ကာ အသင်းတိုက်စစ်က ပိုမိုထက်မြက်ပြီး သွင်းဂိုးတွေ ရယူနိုင်ဖို့ လိုအပ်တယ်လို့ ဘောလုံးကျွမ်းကျင်သူတွေက ဝေဖန်ထောက်ပြကြတယ်။ ပြီးခဲ့တဲ့ ရာသီမှာ ရက်ဖို့ဒ်ခြေစွမ်းပြ ဂိုးတွေ သွင်းယူထားနိုင်သည့်တိုင် မန်ယူအသင်းက ရာသီပိတ်သိမ်းချိန်မှာ သွင်းဂိုး ၅၈ ဂိုးသာ ရရှိခဲ့တယ်။

အဲဒီသွင်းဂိုးအရေအတွက်က ထိပ်ဆုံးခြောက်သင်းစာရင်းမှာ အနိမ့်ဆုံးအရေအတွက် ဖြစ်နေတဲ့ အပြင် အဆင့် (၆) မှာ ရပ်တည်နိုင်ခဲ့တဲ့ ဘရိုက်တန်အသင်းတောင် သွင်းဂိုး ၇၂ ဂိုးအထိ ရှိပြီး မန်ယူအသင်းထက် များနေတာ တွေ့ရတယ်။ ရက်ဖို့ဒ်က ပြီးခဲ့တဲ့ရာသီ ပရီမီယာလိဂ်မှာ မန်ယူအသင်းအတွက် သွင်းဂိုး ၁၇ ဂိုးနဲ့ ဂိုးအများဆုံး သွင်းယူထားတယ်။ အဲဒီနောက်မှာ ဖာနန်ဒက်စ်က ရှစ်ဂိုး၊ ဆန်ချိုက ခြောက်ဂိုး စသဖြင့် အများဆုံးသွင်းယူထားတယ်။

အဲဒီအချက်အလက်ကို ကြည့်ခြင်းအားဖြင့် မန်ယူအသင်းအနေနဲ့ သွင်းဂိုးရယူနိုင်ရေးမှာ ရက်ဖို့ဒ်အပေါ်ကို မှီခိုအားထားနေရတယ်ဆိုတာ မြင်သာတယ်။ ရက်ဖို့ဒ်အနေနဲ့ ဂိုးအများဆုံးသွင်းယူထားနိုင်တယ်ဆိုသော်ငြား အပိုင်အခွင့်အရေးတွေကိုသာ ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့ရင် ထိုအရေအတွက်ထက် ပိုမိုများပြားနိုင်တယ်လို့ ကျွမ်းကျင်သူတွေက သုံးသပ်ကြတယ်။

## အားကိုးဖွယ်ရာ မရှိ

နောက်ပြီး ရက်ဖို့ဒ်အနေနဲ့ ဂိုးသမားနဲ့ တစ်ဦးချင်း ရင်ဆိုင်တွေ့တဲ့အခါတိုင်း၊ အပိုင်အခွင့်အရေးတွေ ရရှိတဲ့အခါတိုင်း ဂိုးအဖြစ်ပြောင်းလဲနိုင်စွမ်း မရှိခြင်းက ဂိုးသွင်းယူနိုင်မှုစွမ်းရည် လိုအပ်ချက်တွေ များစွာ ရှိနေတယ်လို့လည်း ထောက်ပြဆိုကြတယ်။ တိုက်စစ်မှာ အလှည့်အပြောင်းအနေနဲ့ မာရှယ်ရှိတယ်ဆိုသော်ငြား ပြီးခဲ့တဲ့ရာသီမှာ ပယ်နယ်တီတစ်ဂိုးအပါအဝင် ခြောက်ဂိုးသာ သွင်းယူထားနိုင်တာကြောင့် အားကိုးဖွယ်ရာ မရှိဘူးလို့လည်း ဆိုကြတယ်။

လက်ရှိ ဇူလိုင် ၂၁ ရက်အထိ မန်ယူအသင်း ကစားသမား ခေါ်ယူမှုကိုကြည့်ရင် မေဆင်မောင့်၊ အီဗန်စ်နဲ့ အိုနာနာတို့ကိုသာ ခေါ်ယူထားနိုင်တာကို တွေ့ရတယ်။ နောက်ထပ် တိုက်စစ်ကစားသမား ဟိုးလန်းနဲ့ မူအာနီကို ခေါ်ယူသွားမယ်လို့လည်း သိရပါတယ်။

## ထိပ်တန်းအဆင့် တိုက်စစ်ကစားသမား ခေါ်ယူဖို့ မရှိ

လက်ရှိအချိန်အထိ မန်ယူအသင်းက အသင်းပိုင်ရှင် အပြောင်းအလဲမှာ သိသာထင်ရှားတဲ့ အရိပ်အယောင် မတွေ့ရသေးသလို ကစားသမားခေါ်ယူမှုအတွက်လည်း လုံလောက်တဲ့ ပြောင်းရွှေ့ကြေး မရတာကြောင့် ထိပ်တန်းအဆင့် တိုက်စစ်ကစားသမား ခေါ်ယူဖို့ မရှိဘူးလို့ သတင်းတွေမှာ အကျယ်တဝင့် ဖော်ပြထားပါတယ်။

ဒါကြောင့် မန်ယူအသင်းအနေနဲ့ ဂိုးသွင်းစွမ်းရည် ကြွယ်ဝတဲ့ တိုက်စစ်ကစားသမားမျိုး မရရှိဘဲ လက်ရှိစုဖွဲ့မှုနဲ့ ပရီမီယာလိဂ်ဖလားစိန်ခေါ်နိုင်ဖို့ဆိုတာ ခါချဉ်ကောင် မာန်ကြီးပြီး တောင်ကြီးဖြိုမယ့် ကြံ ခါးကမသန်ဆိုတဲ့ အဖြစ်မျိုးနဲ့ ကြုံတွေ့ရနိုင်တယ်လို့ ကျွမ်းကျင်သူတွေက ထောက်ပြပြောကြတယ်။




## ဂိုးသမား အိုနာနာကို မန်ယူ အပြီးသတ် စာချုပ်ခေါ်ယူ

မန်ယူအသင်းသည် အင်တာမီလန်အသင်းမှ ဂိုးသမား အန်ဒရီ အိုနာနာကို ပေါင် ၄၇ ဒသမ ၂ သန်းဖြင့် အပြီးသတ် ခေါ်ယူလိုက်ပြီ ဖြစ်ကြောင်း သိရသည်။

### ငါးနှစ်စာချုပ်ချုပ်ဆို

အသက် ၂၇ နှစ်အရွယ် ကင်မရွန်းဂိုးသမားသည် နောက်ထပ် တစ်နှစ်သက်တမ်းတိုးခွင့်အပါအဝင် အိုးထရက်ဖို့ဒ်၌ ငါးနှစ်စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ ကစားသမားခေါ်ယူမှုတွင် မန်ယူအသင်းအနေဖြင့် ကနဦး ပေါင် ၄၃ ဒသမ ၈ သန်းကို ပေးချေရမည်ဖြစ်ပြီး နောက်ထပ် ပေါင် ၃ ဒသမ ၄ သန်းကို အပိုဆုကြေးအဖြစ် ပေးချေရမည် ဖြစ်သည်။

### ပူးပေါင်းသွားမည်

ထို့ကြောင့် အိုင်းယက်စ်ဂိုးသမားဟောင်း အိုနာနာသည် ရာသီအကြိုခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရန်အတွက် အမေရိကန်သို့ ထွက်ခွာသွားသော အသင်းသားများနှင့် ပူးပေါင်းသွားမည် ဖြစ်ကြောင်း သိရသည်။

### အစားထိုးခေါ်ယူ

အိုနာနာသည် အိုးထရက်ဖို့ဒ်၌ ၁၂ နှစ်ကြာ ဖြတ်သန်းကာ ဇူလိုင်လတွင် စာချုပ်သက်တမ်းကုန်ဆုံးပြီးနောက် အသင်းမှ ထွက်ခွာသွားသော နံပါတ်တစ် စပိန်ဂိုးသမား ဒေးဗစ်ဒီဂီယာ၏ နေရာကို အစားထိုးခေါ်ယူလိုက်ခြင်း ဖြစ်သည်။

၎င်းသည် အိုင်းယက်စ်အသင်းတွင် ကစားစဉ်အတွင်း နည်းပြတန်ဟက် လက်အောက်၌ ခုနစ်လခွဲကြာ ကစားခဲ့ဖူးသူဖြစ်ပြီး ၂၀၂၂ ခုနှစ် ဇူလိုင်လတွင် အင်တာမီလန်အသင်းသို့ ပြောင်းရွှေ့ခဲ့သည်။ ထို့ပြင် အိုနာနာသည် ပြီးခဲ့သည့်ရာသီ စီးရီးအေတွင် ၂၄ ပွဲကစားပြီး ရှစ်ပွဲ ဂိုးမပေးရအောင် စွမ်းဆောင်ထားနိုင်သည်။

အိုနာနာသည် နိုင်ငံ့လက်ရွေးစင်ကစားသမားအဖြစ်မှ ဒီဇင်ဘာလတွင် အနားယူထားသူ ဖြစ်သည်။

မန်ယူအသင်းသည် ဇူလိုင် ၂၃ ရက်တွင် အာဆင်နယ်အသင်းနှင့် ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ **အောင်ဇော်**

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၁ ဦး တွေ့ရှိ

(၂၁-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၀-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၁-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၉၂၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၂) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၉၇၈,၁၆၅) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၀,၉၅၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉,၇၃၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

## ချောက်မြို့၌ ရေဝတီမြစ်ရေဝင်ရောက်သော အိမ်ထောင်စုများအား ဆန်ရိက္ခာထောက်ပံ့ငွေများပေးအပ်

**ချောက် ဇူလိုင် ၂၁**

ချောက်မြို့၌ ရေဝတီမြစ်ရေဝင်ရောက်ခဲ့သော အိမ်ထောင်စု ၁၂ စု၊ လူဦးရေ ၅၆ ဦးတို့ကို ဆန်ရိက္ခာထောက်ပံ့ငွေတစ်ဦးလျှင် ငွေကျပ် ၂၁၀၀ နှုန်းဖြင့် ယနေ့နံနက်ပိုင်းက ချောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစစ်ငြိမ်းအေးနှင့် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးအရာရှိ ဦးစောမြဖောင်းတို့က ပေးအပ်သည်။ အဆိုပါ ရေဘေးရှောင်ပြည်သူများကို ယင်းရပ်ကွက်ရှိ စားသုံးသူရေးရာဂိုဒေါင်ဝင်းနေရာတွင် ယာယီနေရာချထားပေးသည်။ **ကျော်မိုး(ပြန်/ဆက်)**


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၀၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News


## စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ငါးလုပ်ငန်းဦးစီးဌာန၊ဖွံ့ဖြိုးရေးနှင့်သုတေသနဌာနခွဲ၊ငါးလုပ်ငန်းသိပ္ပံ(တွံတေး)
## ငါးလုပ်ငန်းနှင့်ရေသတ္တဝါမွေးမြူရေးဒီပလိုမာ ပထမနှစ်သင်တန်းသားသစ်များခေါ်ယူခြင်း

၁။ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၌ ငါးလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေး ဒီပလိုမာသင်တန်းကို ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရှိ ငါးလုပ်ငန်းသိပ္ပံတွင် တက်ရောက်လိုသူများသည် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန/ ငါးလုပ်ငန်းစခန်းများနှင့် ငါးလုပ်ငန်းသိပ္ပံ(တွံတေး) တို့တွင် လျှောက်ထားနိုင်သည်။

၂။ ဒီပလိုမာသင်တန်းသို့ တက်ရောက်ခွင့်ရရှိသူသည် (၃) နှစ်သင်တန်းတက်ရောက်ရမည်ဖြစ်ပါသည်။ ငါးလုပ်ငန်းနှင့်ရေသတ္တဝါမွေးမြူရေး ဒီပလိုမာသင်တန်းအောင်မြင်ပါက ငါးလုပ်ငန်းနှင့် ရေသတ္တဝါမွေးမြူရေး ဒီပလိုမာအောင်လက်မှတ် (Diploma in Fisheries and Aquaculture) ပေးအပ်မည်ဖြစ်ပါသည်။ ဒီပလိုမာသင်တန်းအောင်မြင်ပြီး သတ်မှတ်အရည်အချင်း ပြည့်မီသူများကို ရန်ကုန်တက္ကသိုလ်တွင် B.Sc( Fisheries and Aquaculture) သင်တန်းတက်ရောက်ရန် ဝင်ခွင့်ဖြေဆိုခွင့်ရရှိမည်ဖြစ်ပါသည်။

၃။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲကို သိပ္ပံဘာသာတွဲဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။
(ဂ) လျှောက်လွှာပိတ်ရက်(၃၀-၉-၂၀၂၃)ရက်နေ့တွင် အသက် (၂၂)နှစ်ထက် မကြီးသူဖြစ်ရမည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများပူးတွဲတင်ပြရမည် -

(က) တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ကြောင်း သက်ဆိုင်ရာ ကျောင်းအုပ်ကြီးထောက်ခံချက် (မူရင်း)
(ခ) တက္ကသိုလ်ဝင်စာမေးပွဲအမှတ်စာရင်း (မိတ္တူ) (ကျောင်းအပ်နှံသည့် အချိန်တွင် မူရင်းတင်ပြရမည်)
(ဂ) မွေးသက္ကရာဇ်မှန်ကန်ကြောင်း ထောက်ခံချက် (သက်ဆိုင်ရာ ကျောင်းအုပ်ကြီးထောက်ခံချက်)
(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရဲစခန်းနှင့် ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့၏ ထောက်ခံချက်(မူရင်း)
(င) လျှောက်ထားသူနှင့် မိဘနှစ်ပါး၏ နိုင်ငံသားစိစစ်ရေးကတ်(မိတ္တူ)များနှင့် အိမ်ထောင်စုဇယား (မိတ္တူ)
(စ) လိုင်စင်ဓာတ်ပုံ (အောက်ခံအပြာရောင်ဖြင့်) (၅) ပုံ (၁.၁x ၁.၃) လက်မ

၅။ လျှောက်လွှာများကို တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ်/ ငါးလုပ်ငန်းဦးစီးဌာန/ ငါးလုပ်ငန်းစခန်းများနှင့် ငါးလုပ်ငန်းသိပ္ပံ (တွံတေး) သို့ (၃၀-၉-၂၀၂၃) ရက်နေ့ထက် နောက်မကျစေဘဲ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်။ သတ်မှတ်ရက်ထက် နောက်ကျသော လျှောက်လွှာများ၊ မပြည့်စုံသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ တက်ရောက်ခွင့်ရရှိသူအမည်စာရင်းနှင့် ကျောင်းဖွင့်လှစ်မည့်ရက်အား တိုင်းဒေသကြီး/ ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနများနှင့် ငါးလုပ်ငန်းသိပ္ပံ (တွံတေး)မှ ထပ်မံအကြောင်းကြားမည်ဖြစ်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ် ၀၆၇-၄၀၈၄၇၂၊ ၀၆၇-၄၀၈၄၇၃၊ ၀၉-၇၉၁၃၄၄၇၇၃ သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။


ဝင်ခွင့်လျှောက်လွှာ(ပုံစံ)

စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန၊ ဖွံ့ဖြိုးရေးနှင့်သုတေသနဌာနခွဲ၊ ငါးလုပ်ငန်းသိပ္ပံ(တွံတေး)
ငါးလုပ်ငန်းနှင့်ရေသတ္တဝါမွေးမြူရေးဒီပလိုမာဝင်ခွင့်လျှောက်လွှာ

ဓာတ်ပုံ

၁။ လျှောက်ထားသူ၏အကြောင်းအရာ

| အကြောင်းအရာ | အမည် | | လူမျိုး/ဘာသာ | အလုပ်အကိုင် | နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် |
|---|---|---|---|---|---|
| လျှောက်ထားသူ | မြန်မာ | | | | |
| | အင်္ဂလိပ် | | | | |
| ဖခင် | | | | | |
| မိခင် | | | | | |
| မိဘများကွယ်လွန်ပြီးဖြစ်ပါက အုပ်ထိန်းသူ | | | | | |

၂။ လျှောက်ထားသူ၏မွေးသက္ကရာဇ် ---------- ခုနှစ် ---------- လ ---------- ရက်
၃။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည့်ခုံအမှတ် ---------- ဆေးစစ်ဌာန ----------
တိုင်းဒေသကြီး/ပြည်နယ် ----------
၄။ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ ----------
---------- ဖုန်း ----------

ရက်စွဲ ----------
(လျှောက်ထားသူလက်မှတ်)

မလိုအပ်သော မီးများ သုံးစွဲခြင်းကို ရှောင်ကြဉ်ပါ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၁ - ၇ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၁၃၀ ကျပ် | ၂၁၈၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၂၁၀ ကျပ် | ၂၂၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၅၀ ကျပ် | ၂၂၀၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၂၆၅ ကျပ် | ၂၃၁၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် တိုက်တွန်းနှိုးဆော်

"ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် ပြင်းထန်မှုတို့ကို လျှော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါ ခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏ နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျှော့ချနိုင်ခြင်းတို့ကြောင့် အသက် (၅) နှစ်နှင့် အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာ ကျန်းမာရေးဌာနများနှင့် ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး) များကို မဖြစ်မနေသွားရောက်ထိုးနှံပါရန် အသိပေးနှိုးဆော်အပ်ပါသည်။" **ကျန်းမာရေးဝန်ကြီးဌာန**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၂၀၀ | ၈၁၀၀ | ၅၀၄ | ၄၀၈၂၇၀၀ |
| MTSH | ၂၈၀၀ | ၂၈၀၀ | ၄၁၅၉ | ၁၁၆၄၅၄၀၀ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၅၂ | ၃၉၉၇၀၀ |
| FPB | ၁၅၅၀ | ၁၅၅၀ | ၄၂၅၄ | ၆၄၉၃၆၅၀ |
| TMH | ၂၄၅၀ | ၂၄၀၀ | ၁၁၇ | ၂၈၆၆၀၀ |
| EFR | ၂၄၅၀ | ၂၄၅၀ | ၁၁ | ၂၆၉၅၀ |
| AHPC | ၄၉၀၀ | ၄၉၀၀ | ၂၅၇ | ၁၂၃၄၁၀၀ |
| MAEPC | ၁၇၀၀ | ၁၇၀၀ | ၄၆၈၆၃ | ၇၉၆၆၇၁၀၀ |

ညီညီ - စုစည်းသည်

## ငွေမကိုင်ထားဘဲ မြေကိုင်ထားလိုသူများအတွက် ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

၁။ မြောက်ဥက္ကလာပအဝိုင်းထိပ်အနီး၊ နွယ်နီလမ်းမထိပ်အနီး၊ မြေအကျယ် (၄၀' x ၆၀') ၂ ကွက်ကပ်လျက်၊ အုတ်တံတိုင်းခတ်ပြီး၊ အဆောက်အအုံ (၁)လုံးပါ၊ ဂရန်အမည်ပေါက်၊ ရေမီးပါ။
**(၁ကွက်–သိန်း 3000)**

၂။ ပြည်လမ်းမပေါ်၊ ၈ မိုင်တံတားအနီး၊ မြေညီထပ်တိုက်ခန်း(၅၅' x ၁၅')၊ ဘဏ်ဖွင့်ရန်၊ စီးပွားရေးလုပ်ရန် အချက်အချာကျ နေရာကောင်း။
**(သိန်း 4000)**

**ဖုန်း– 09–5178979, 09–43022828, 09–451146685, 09–263699715**

---

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ ဗိုလ်ဇင်ယော်လမ်း၊ မြေကွက်အမှတ် (၃၁၀) အကျယ်အဝန်း (၄၀' x ၆၀') (၂၄၀၀)စတုရန်းပေ၊ ဧရိယာ (၀.၀၅၅)ဧကရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ**

အထက်ဖော်ပြပါ မြေကွက်နှင့်တကွ ယင်းမြေကွက်နှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြို့မြေစာရင်းတွင် ဦးစောကွာစေး (၁၄/ပတန(နိုင်)၁၃၈၂၂၀) အမည်ဖြင့် ထွက်ရှိထားသည့် နှစ်(၆၀)မြေငှားဂရန်မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်နှင့်တကွ ယင်းမြေကွက်နှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ဖြစ်သူထံမှ အရပ်ကတိ အဆက်စပ် စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ၎င်းထံမှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၈၁၂၃/၂၀၂၂)အရ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်မေသက်ဆွေ (၁၂/သဃက(နိုင်)၀၄၄၄၈၈)မှ ၎င်းတို့ကိုယ်တိုင် တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း အခြားအရှုပ်အရှင်း ကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ၎င်းထံမှ အဆိုပါမြေကွက်နှင့်တကွ ယင်းမြေကွက်နှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏ မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ညိုမာ (LL.B) အထက်တန်းရှေ့နေ(စဉ်–၃၅၇၇၆)**
**အခန်းအမှတ် (308)၊ Office Tower (3), Time City, ကျွန်းတောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း–၀၉–၄၃၀၆၆၅၈၀၊ ၀၉–၉၆၀၇၂၀၃၇၄**

---

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့ အထက(ခွဲ) မြို့မကျောင်း မှ မောင်ပွန်ဝမ်း (Grade–12) ၏ ဖခင်အမည်မှန်မှာ ဦးအားခမ်း ၅/လဟန(နိုင်)၀၀၆၀၇၈ ဖြစ်ပါကြောင်း။

**ဦးအားခမ်း**
**၅/လဟန(နိုင်)၀၀၆၀၇၈**

---

## ဖခင်၊ မိခင်အမည်မှန်

အမ်းမြို့နယ်၊ မဲလက်မောင်း အထကကျောင်း Grade–11မှ မောင်စိုးပိုင် Grade– 5မှ မနေခြည် တို့၏ဖခင် ဦးခင်မောင်၏ အမည်မှန်မှာ ဦးကိုမျိုး၊ မိခင် ဒေါ်ခင်သီတာ၏ အမည်မှန်မှာ ဒေါ်ခင်သီတာထွန်း ဖြစ်ပါကြောင်း။

**ဦးကိုမျိုး၊ ဒေါ်ခင်သီတာထွန်း**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BGO/18147, ယာဉ်လက်ဝယ်ရှိသူ ဦးပိုင်စိုး ၇/ပခန (နိုင်) ၄၅၀၃၆၉ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4H/8276, Honda Fit GE6, Hatch Back (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီဂီအောင် ၁၂/မဂဒ(နိုင်) ၁၅၈၁၆၉ က(ကမ–၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

---

## အကြင်လင်မယားအဖြစ်မှ (လုံးဝ) ပြတ်စဲပြီးကြောင်း ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ကွင်းတန်းလမ်း၊ အမှတ်(၁၀၇)နေ (ဘ) ဦးကြင်ပြုံး၏သမီးဖြစ်သူ ဒေါ်ယဉ်လဲ့လဲ့ပြုံးသည် ပုသိမ်မြို့၊ ကျောက်ငူလမ်း၊အမှတ်(၁/၂)နေ ဦးကျော်ဝင်း (ဘ) ဦးမောင်ကွန်း ၁၄/သနပြ) ၀၀၀၃၁၀ နှင့် ၂၅–၆–၂၀၁၁ ခုနှစ်ခန့်က အိမ်ထောင်ကျပြီး သားတစ်ဦး၊ သမီးတစ်ဦး မွေးဖွားခဲ့ပါသည်။ ၎င်းနှင့် မကြာခဏ စကားများရန်ဖြစ်ခြင်းအပေါ် ဦးကျော်ဝင်းမှ နေအိမ်ရှိပစ္စည်းများရိုက်ခွဲခြင်း၊ နေအိမ်ပေါ်မှ အကြိမ်ကြိမ် နှင်ချခြင်းကို ပြုလုပ်သဖြင့် နှစ်ဖက်မိဘဆွေမျိုးများကို အသိပေးပြီး နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲကြောင်းကို ၁–၇–၂၀၂၃ ရက်တွင် နှုတ်ဖြင့် ကွာရှင်းခဲ့ခြင်းဖြစ်သည်မှာ ယနေ့တိုင်ဖြစ်ပါသည်။ သို့ပါ၍ ခင်ပွန်းဖြစ်သူ ဦးကျော်ဝင်းအား အကြင်လင်မယားအဖြစ်မှ လုံးဝပြတ်စဲကြောင်းနှင့် မည်သည့်ကိစ္စ နှင့်မျှ မသက်ဆိုင်တော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ယဉ်လဲ့လဲ့ပြုံး ၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သုန်ရတီလှိုင်(LL.B, LL.M, C.B.L**
**အထက်တန်းရှေ့နေ(စဉ်–၅၅၀၃၁/၂၀၂၂)**
**အမှတ်(၃)၊ ကျောက်ငူလမ်း၊ ပုသိမ်မြို့။ ဖုန်း–၀၉–၆၉၅၈၄၁၈၅၅၊ ၀၉–၉၆၉၀၄၀၃၀၂**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ အမှတ် ၆၂၊ အခန်းအမှတ်(၁၀၁)၊ပ–လွှာ A၊ အနန္တဂုဏ်ရည်လမ်း၊ တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိတို့ကသာလျှင် လက်ရှိပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းပါ၍ ပြန်လည်လွှဲပြောင်း ရောင်းချခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံ ကတိပြုလျက် ရောင်းချရန် ကမ်းလှမ်းလာသူ ဦးခင်မောင်ဦး ၁၂/ တမန(နိုင်) ၁၀၃၄၉၃ ထံမှ ကျွန်ုပ်မှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ စရန်ငွေ ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည်ရက်မှစ၍(၇)ရက်အတွင်း တိကျခိုင်လုံသော အထောက်အထား မူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကိုပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ**
**ဦးကျော် ၅/တဆန(နိုင်)၁၀၀၆၀၂**
**ဖုန်း–၀၉–၄၂၁၄၄၉၈၂၂**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊တောင်ဥက္ကလာပမြို့နယ်၊(၇)ရပ်ကွက်၊(၅/၇) ဖြူမှစိုးရီလမ်း၊ အမှတ်၂၄(က+ခ)ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀ပေx၆၀ပေ) ရှိမြေကွက်ပေါ်တွင် တည်ဆောက်ထားသည့်(၂)ခန်းတွဲ(၈)ထပ်ခွဲ ဓာတ်လှေကားပါ အဆောက်အအုံ၏ ဦးလှထွန်း(၁၄/မအပ(နိုင်)၁၅၁၇၀၂) ပိုင်ဆိုင်သည့်(၈)လွှာရှိ အခန်းအမှတ်(8–A) အကျယ် အဝန်း(၁၉ပေx၅၄ပေ)နှင့်အခန်းအမှတ်(8–B) အကျယ်အဝန်း(၁၉ပေx၅၄ပေ) အသီးသီးရှိကြသော တိုက်ခန်း(၂)ခန်း၏ ရေမီး၊ မီတာအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ဝယ်ထားရှိ ပိုင်ဆိုင်ပြီး ဥပဒေနှင့်အညီ ရောင်းချခွင့်ရှိသူ ဦးလှထွန်းထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်နန်းတင်တင်မေ(၁၃/ကမန(နိုင်)၀၀၉၈၃၇)မှဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသအားပေးချေးထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း(၂)ခန်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သတ်၍ ကန့်ကွက်လိုပါက ခိုင်မာသောစာရွက် စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇) ရက်အတွင်း ကျွန်ုပ်တို့ ထံသို့ လာရောက်ကန့်ကွက်ပါရန်နှင့်သတ်မှတ်ရက် အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်း အဝယ်ကိစ္စကိုပြီးသည် အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြော်ငြာအပ်ပါသည်။

**ဒေါ်နန်းတင်တင်မေ(၁၃/ကမန(နိုင်၀၀၉၈၃၇)၏လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်လှသီတာစန်း( LL.B )** | **နော်ထရီဇာအောင်( LL.B )** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်– ၁၀၃၀၅/၂၀၁၅)** | **(စဉ်– ၁၄၀၀၄/၂၀၁၇)** |

**အမှတ်(၁၅၈)၊ ဘီ–၃လမ်း၊ မြိုင်သာယာစံပြရပ်ကွက်၊ မှော်ဘီမြို့**
**ဖုန်း–၀၉–၅၄၁၄၂၅၉၊ ၀၉– ၇၉၉၇၇၁၄၀၁**

---

## အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန
## အားကစားနှင့်ကာယပညာဦးစီးဌာန
## အားကစားနှင့်ကာယပညာသိပ္ပံ(စစ်တွေ)
## လေလံလျှောက်လွှာခေါ်ယူခြင်း

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ခတင်ပိုက်ကျေးရွာအုပ်စုရှိ အားကစားနှင့်ကာယပညာသိပ္ပံ(စစ်တွေ) ပိုင် (၁၈၀' x ၁၀၀') Steel Structure အားကစားရုံ နှင့် (၁၂၀' x ၆၀') Steel Structure အားကစားရုံကို ဖျက်သိမ်းပြီး သံထည်ပစ္စည်းများအား လေလံစနစ်ဖြင့်ရောင်းချမည်ဖြစ်ပါသည်–

| | | |
|---|---|---|
| ၁။ | **လျှောက်လွှာရောင်းချမည့်ရက်** | – (၂၄–၇–၂၀၂၃)ရက်နေ့မှ (၁၁–၈–၂၀၂၃)ရက်နေ့အထိ |
| ၂။ | **လျှောက်လွှာပိတ်မည့်ရက်** | – (၁၁–၈–၂၀၂၃) ရက်နေ့ ညနေ (၁၆:၀၀) နာရီ |
| ၃။ | **လျှောက်လွှာရောင်းချမည့်နေရာ** | – ရခိုင်ပြည်နယ်၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ စစ်တွေမြို့ ရုံးဝင်းရှိ အားကစားနှင့် ကာယပညာသိပ္ပံ (စစ်တွေ)ရုံး၊ (ရုံးချိန်အတွင်း) |
| ၄။ | **လေလံတင်ရောင်းချမည့် ရက်၊ အချိန်** | – (၁၇–၈–၂၀၂၃)ရက်နေ့ နံနက်ပိုင်း(၁၀:၀၀)နာရီ |
| ၅။ | **လေလံတင်ရောင်းချမည့် နေရာ** | – အားကစားနှင့်ကာယပညာသိပ္ပံ (စစ်တွေ)၊ စားရိပ်သာ |

အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များအား မေးမြန်းစုံစမ်းနိုင်ပါသည်။

ဖုန်း–၀၉–၄၂၂၁၉၃၅၆၅၊ ၀၉–၄၂၁၇၁၅၅၆၆၊ ၀၉–၇၇၇၇၁၇၁၄၇၊ ၀၉–၇၅၅၃၉၇၆၈၆၊ ၀၉–၂၆၃၇၂၂၈၈၃

---

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ သင်းဝင်လမ်း၊ အမှတ်(၁၁၅၀)ရှိ (၆)ထပ်တိုက်၊ ၆–လွှာ(B)(ခြေရင်းခန်း)၊ အကျယ်(၁၈'x၅၅')ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အားလက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံကတိပြုသူ ဦးမင်းမင်းထွဋ်(၁၂/ဒဂမ(နိုင်)၀၂၉၁၄၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်မိုးသီရိထွန်း (၁၂/လကန(နိုင်)၂၁၈၉၈၇)က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်စုစုခိုင် (LL.B, D.B.L, D.I.L)** | **ဒေါ်ခင်စောသိန်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၅၅၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၂၈၆)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅–လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၇၃၀၂၆၁၉၉၊ ၀၉–၄၄၃၀၂၆၁၉၉**

---

**ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သရက်တောင်(မြောက်) ရပ်ကွက်၊ သရက်တော (၁)လမ်း၊ အမှတ် (၂၇)မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံ၏ (၅-လွှာ၊ ခြေရင်း)၊ အကျယ်အဝန်း (၁၂ ၁/၂ပေX ၄၈ပေ)ရှိ တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း**

အထက်ဖော်ပြပါ တိုက်ခန်းကို အရောင်းအဝယ်ကတိစာချုပ်များအရ တရားဝင်ပိုင်ဆိုင်ကြောင်းနှင့် လွှဲပြောင်း ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်ခင်လှ(၁၂/ကမတ(နိုင်)၀၃၈၂၂၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးသန်းလွင်(၇/သဝတ(နိုင်)၀၀၇၉၇၂)သည် နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ် စရန်ပေးကတိစာချုပ်အရ ရောင်းဖိုးငွေ၏ စရန်ငွေ တစ်စိတ်တစ်ဒေသကိုပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းလွင်၏ လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးရဲအောင်နိုင်ထူး** | **ဒေါ်ဖြိုးပိုပို LL.B(စဉ်–၅၄၁၆၈)** |
| **LL.B (စဉ်–၃၃၀၄၆)** | **WIPO (Switzerland)** |
| | **WIPO (Switzerland)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**ဖုန်း–၀၉–၇၉၁၆၈၆၃၃၄၊ ၀၉–၄၅၀၀၄၅၁၈၇**

---

## အထူးကိုယ်စားလှယ်လွှဲစာအားရုပ်သိမ်းခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးကျာထေ(ဘ)ဦးရှောက်ထန်း (၁၃/တယန(နိုင်) ၀၃၆၇၄၉)၊ "ဝ"ရုံးပါဆပ်ရပ်၊ တာချီလိတ် မြို့နေထိုင်သူသည် တာချီလိတ်မြို့နယ်၊ ဝိန်းကျောက်ရပ်ကွက်၊ကွင်းအမှတ် (၂၂)၊ တော်ကော့ကွင်း၊ ဦးပိုင်အမှတ်(၄၀/ခ)၊ မြေဧရိယာ(၀.၃၇)ဧကရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ကိစ္စအရပ်ရပ်အား ဆောင်ရွက်နိုင်ရန် မောင်ကြိုးစင်းနိုင်(ဘ)ဦးကြိုးကျင်းချန် (၁၃/လကန(နိုင်)၀၀၆၂၃၉)ထံသို့ ၉–၈–၂၀၁၉ရက်တွင် တာချီလိတ်မြို့၊ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် "အထူးကိုယ်စားလှယ်စာလွှဲစာ"ပေးအပ်ခဲ့ပါသည်။

"အထူးကိုယ်စားလှယ်လွှဲစာ"အားတာချီလိတ်မြို့၊ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၂၀၁၉ ခုနှစ်ချုပ်၊ မှတ်ပုံတင်စာရင်း ၁၅၄၊ စာအမှတ်– VI;vol–12 တွင် စာရင်းတင်ထားပါသည်။

ကျွန်ုပ်၏မိတ်ဆွေဦးကျာထေ(ဘ)ဦးရှောက်ထန်း(၁၃/တယန(နိုင်)၀၃၆၇၄၉)မှ မောင်ကြိုးစင်းနိုင်(ဘ)ဦးကြိုး ကျင်းချန် (၁၃/လကန(နိုင်)၀၀၆၂၃၉)အား လွှဲအပ်ပေးထားသောအထက်ပါ ၉–၈–၂၀၁၉ရက်စွဲပါ အထူးကိုယ်စာ လှယ်လွှဲစာအား ယနေ့၂၀–၇–၂၃ ရက်တွင် တာချီလိတ်မြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်ရုံးသို့ အကြောင်းကြား၍ အပြီးအပိုင်ရုပ်သိမ်းပြီး ဖြစ်ပါသည်။

သို့ဖြစ်ရာ ဦးကျာထေမှ မောင်ကြိုးစင်းနိုင်အား ပေးအပ်ထားသည်အထူးကိုယ်စားလှယ်လွှဲစာ အားရုပ်သိမ်း ကြောင်းကြေညာအပ်ပါသည်။

**ဦးကျာထေ၏လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးမျိုးမြင့်အောင် (LL.B)** | **ဦးသိန်းလှိုင်ထွန်း(LL,B)** |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်–၁၃၉၃၂/၁၄–၁၂–၂၀၁၇) | (စဉ်–၉၆၁၉) |
| အမှတ် (၇၇၁)၊ ဗိုလ်တထောင်လမ်း၊ | အမှတ်(ပ/၁၄၆၁/အေ)၊ စွယ်တော် |
| (၈၅)ရပ်ကွက်၊ ဒဂုံမြို့သစ် ( | ၉)လမ်း၊ ဇဝနဒီပရပ်ကွက်၊ |
လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| ဒေါ်စုစုခိုင် (LL.B, D.B.L, D.I.L) | ဒေါ်ခင်စောသိန်း (LL.B) |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၅၃) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆) |

တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉

## အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့၊ မီးသွေးကုန်းကျေးရွာ၊ အမှတ်(၉၂)၊ (၂)လမ်းနေ ဦးထွန်းစိန် ၁၃/တကန(နိုင်) ၀၈၅၄၆၄နှင့် ဒေါ်လေးလေးမောင် ၁၃/တကန(နိုင်)၁၈၅၆၇၂ တို့၏သား မောင်သိန်းအောင်ထွန်း ၁၃/တကန (နိုင်)၃၁၇၁၄၁သည် မိဘများ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲမိဘများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေခြင်းကြောင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်၎င်းနှင့်ပတ်သက်သည့် ငွေကြေးကိစ္စ၊ လူမှုရေးကိစ္စအပါအဝင် မည်သည့်ကိစ္စမဆို မိဘများမှ လုံးဝ(လုံးဝ) တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါ သည်။

| | |
|---|---|
| **လွှဲအပ်သူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးထွန်းစိန်** | **ဦးလှသိန်း (LL.B)** |
| **၁၃/တကန(နိုင်)၀၈၅၄၆၄** | **အထက်တန်းရှေ့နေ(စဉ်-၂၁၄၉၈)** |
| | **န/၂၉၊ ယင်းမာလမ်း၊ အမှတ်(၅)ရပ်ကွက်၊** |
| | **နမ့်စန်မြို့** |

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၆)၊ ဗြဟ္မစိုရ်လမ်း၊ မြေကွက်အမှတ်(၈၈၄/က)၊ မြေအကျယ်ပေ (၂၀x၆၀)၊ စတုရန်းပေ(၁၂၀၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်ကို အမည်ပေါက် ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်တိုးထက်ထက်ယဉ် ၈/စလန(နိုင်)၀၀၀၁၆၀ က ယင်းမြေကွက်နှင့်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော RC(၂)ထပ်လုံးချင်း နေအိမ်အပါအဝင်ကို မိမိသာတရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါ အိမ်ခြံမြေကွက်အား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်မေမြတ်လင်း ၁၄/ပသန(နိုင်)၁၁၇၇၂၉ က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်းပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်း အဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ-
ဒေါ်ရီရီသန့်
LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၉၃၉)
အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇) ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၃၀၆၆၁၆၄ ၊ ၀၉-၇၉၆၆၀၀၂၁၇

## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း
## ၂၀၂၃-၂၀၂၄ ခုနှစ် ဘဏ္ဍာရေးနှစ် လမ်းဦးစီးဌာန၊ ကျောက်ဖြူခရိုင်
## တင်ဒါအမှတ် (၁/၂၀၂၃-၂၀၂၄)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ကျောက်ဖြူခရိုင်မှ ၂၀၂၃- ၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/ ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများအတွက် လိုအပ်သောပစ္စည်းများအား (မြန်မာကျပ်ငွေ) ဖြင့် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူလိုပါသည်-

| | | | |
|---|---|---|---|
| (က) | **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** | - | ၂၆-၇-၂၀၂၃ ရက်၊ (ရုံးချိန်အတွင်း) |
| (ခ) | **တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်/အချိန်** | - | ၁၁-၈-၂၀၂၃ ရက်၊ မွန်းတည့် ၁၂:၀၀ နာရီ |
| (ဂ) | **တင်ဒါဖွင့်မည့် ရက်/အချိန်** | - | ၁၆-၈-၂၀၂၃ ရက်၊ နံနက် ၁၀:၀၀ နာရီ |
| (ဃ) | **တင်ဒါဖွင့်မည့်နေရာ** | - | လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ ကျောက်ဖြူခရိုင်၊ ကျောက်ဖြူမြို့ |

၂။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ကျောက်ဖြူခရိုင်၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဖုန်း-၀၉ - ၄၂၀၇၃၁၂၄၈ သို့ ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ ကြယ်စင်မြို့တော် အိမ်ရာစီမံကိန်း၊ သံလွင်ရိပ်မွန်အိမ်ရာ၊ တိုက်အမှတ်(A-3)၊ Type-C ၊ RC (၁၂)ထပ်တိုက်၏ အခန်းအမှတ် (၂၀၄)၊ (၂-လွှာ)၊ ဧရိယာ(၆၂၂) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်း၏ အကျိုး ခံစားခွင့် အရပ်ရပ်အားလုံးတို့ကို စာချုပ်အဆက်အစပ်ဖြင့်ပိုင်ဆိုင်ထားပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးခွန်စည်သူသွင် ၁၂/ဗဟန (နိုင်)၀၅၅၀၅၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးစိုးရန်အောင် ၁၂/မဂတ (နိုင်)၀၉၀၀၂၈ က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှ ခုနစ်ရက်အတွင်းတိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည့် အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါ သည်။

ဦးစိုးရန်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဝေဖြိုးအောင် (LL.B),WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၄၅၅)
အမှတ်(၁၄) ၊ ကျိုက်ခေါက်ဘုရားလမ်း၊ Star City ၊ သန်လျင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၁၁၅၇၈၅၆၊ ၀၉-၇၉၈၄၅၈၆၂၇

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၆/ရွှေပေါက်ကံ့)၊ ပင်းယလမ်း မြေကွက်အမှတ်(၁၆၈)၊ မြေ အကျယ်ပေ (၄၀x၆၀)၊ စတုရန်းပေ(၂၄၀၀)ရှိ ဦးသန်းဝေ အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက် ကိုအရပ်ကတိစာချုပ်ဖြင့်ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးအောင်လွင် ၉/တကန(နိုင်)၁၀၂၃၆၄ က ယင်းမြေကွက်နှင့်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော လုံးချင်းနေအိမ်အပါအဝင်ကို မိမိသာတရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြု ပြောဆိုသဖြင့် အဆိုပါအိမ်ခြံမြေကွက်အား အပြီးအပိုင်လက်ရောက်ဝယ်ယူရန် အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ကျော်စိုး ၉/မလန(နိုင်)၀၉၃၀၈၉ က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါ သည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ် ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိဥပဒေနှင့် အညီဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ-
ဒေါ်ရီရီသန့်
LL.B, D.B.L, D.M.L, D.I.L (W.I.P.O-Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၉၃၉)
အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇) ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၃၀၆၆၁၆၄ ၊ ၀၉-၇၉၆၆၀၀၂၁၇

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ မိုးကောင်းလမ်းမ၊ အမှတ်(၃၈)၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၁၁၅/ခ) ဟုခေါ်တွင်သော မြေကွက်ပေါ်ရှိ တစ်ခန်းတည်း (၈)ထပ်ခွဲ R.C တိုက်၏ စတုတ္ထထပ် (၅)လွှာ၊ အကျယ်အဝန်းပေ (၂၃ ဒသမ ၁၀x ၈၄)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်း ကင်းရှင်းကြောင်းဝန်ခံကတိပြုသူများဖြစ်ကြသော ဦးမင်းရဲထွဋ် ၁၃/တတန (နိုင်)၂၄၂၅၈၂၊ ဦးမင်းသူ ၁/မကန(နိုင်)၀၃၈၆၂၂ တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်ကြသော ဦးဇေယျာလွင် ၁၂/ကတန(နိုင်)၀၈၂၈၃၄၊ ဒေါ်မြစု အောင် ၇/ဝမန(နိုင်)၁၁၅၈၄၁ တို့က အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက် မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| ဒေါ်စုစုခိုင် (LL.B, D.B.L, D.I.L) | ဒေါ်ခင်စောသိန်း (LL.B) |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၅၃) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆) |

တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အလုပ်သမားဝန်ကြီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လူမှုဖူလုံရေးအဖွဲ့ပိုင် အလုပ်သမားဆေးရုံကြီးများနှင့် ဆေးခန်းများတွင် လိုအပ်သောဆေးနှင့် ဆေးပစ္စည်းများကို အလုပ်သမားဆေးရုံကြီးများတွင် ဆေးဆိုင်ဖွင့်လှစ်၍လည်းကောင်း၊ လူမှုဖူလုံရေးအဖွဲ့ပိုင် ဆေးသိုလှောင်ရေးဌာန၊ အလုပ်သမားဆေးရုံကြီးများနှင့် လူမှုဖူလုံရေး ဆေးခန်းများနှင့် စာချုပ်ချုပ်ဆိုထားသောဆေးရုံ၊ ဆေးခန်းများသို့ အရောက်ပေးပို့၍လည်းကောင်း တာဝန်ယူရောင်းချပေးခြင်းလုပ်ငန်းကို လုပ်ဆောင်နိုင်သော ဆေးကုမ္ပဏီများအား အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူဆောင်ရွက်သွားမည်ဖြစ်သဖြင့် မြန်မာနိုင်ငံသားပိုင် ပြည်တွင်းကုမ္ပဏီများအနေဖြင့် တင်ဒါဝင်ရောက်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၁-၇-၂၀၂၃ ရက်မှ ၃-၈-၂၀၂၃ ရက်ထိ

(ခ) **တင်ဒါလျှောက်လွှာနောက်ဆုံး တင်သွင်းရမည့်ရက်၊ အချိန်** - ၁၇-၈-၂၀၂၃ရက်၊ (၁၆:၀၀)နာရီ

(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - လူမှုဖူလုံရေးရုံးချုပ်၊ အမှတ်-ဌ/၇၇၊ ရွှေတောင်သီရိလမ်း၊ ဇဝနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။

၂။ တင်ဒါပုံစံများကို တစ်စုံလျှင် ကျပ်၅၀,၀၀၀/-(ကျပ်ငါးသောင်းတိတိ)နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး တင်ဒါအဆိုပြုလွှာများကို တင်သွင်းရာတွင် သတ်မှတ်ချိန်ထက် နောက်ကျတင်သွင်းခြင်း၊ ချိပ်ပိတ်စာအိတ်များ ပေါက်ပြဲ/စုတ်ပြဲနေခြင်းနှင့် e-mail ဖြင့် လျှောက်လွှာတင်သွင်းခြင်းများကို လုံးဝ(လုံးဝ) လက်ခံမည်မဟုတ်ပါ။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အလုပ်သမားဝန်ကြီးဌာန၏ www.mol. gov.mm Website တွင်လေ့လာနိုင်ပြီး ဖုန်း-၀၆၇-၃၄၃၀၇၉၁၆၊ ၀၆၇-၃၄၃၀၇၉၁၈၊ ၀၆၇-၃၄၃၀၇၉၅၃တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါ သည်။

**ဝန်ကြီးဌာနတင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဒက္ခိဏသီရိအလယ်ရပ်၊ မြေကွက်အမှတ်(ဒ-၃၁၃၃၄)၊ မြေဧရိယာ ၀ ဒသမ ၁၄၆ဧကရှိ ဒေါ်ခင်နှင်းယု (ဘ) ဦးမောင်ကို ၉/လဝန(နိုင်)၀၄၉၆၀၀အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်ခင်နှင်းယုထံမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ်(၂၁၂၆/၂၀၂၂)(၂၇-၅-၂၀၂၂)ရရှိ ထားသူ ဦးအောင်စည်သူ (ဘ) ဦးလှရွှေ ၁၀/ဘလန(နိုင်)၀၅၉၇၀၁မှ ဒေါ်သုသုဝင်း (ဘ) ဦးမောင်မောင်ဝင်း ၁၀/ဘလန(နိုင်)၀၅၇၇၆၇နှင့် အရောင်းအဝယ်မှတ်ပုံတင် စာချုပ်ချုပ်ဆိုရန်မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆)၊ ပုလဲလမ်းနှင့်သမိန်ဗရမ်းလမ်းထောင့်၊ တိုက်အမှတ်(၅၅၉)၊ မြေပေအကျယ်ပေ(၄၅x၆၀)ရှိ မြေပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ(၆)ထပ် RC အဆောက်အအုံမှ တတိယထပ်(၄-လွှာ/A)၊ အကျယ်အဝန်း(၂၀ ဒသမ ၆ x ၅၄)ပေ၊ အမြင့်(၉)ပေရှိ တိုက်ခန်းတစ်ခန်းနှင့် တိုက်ခန်းတွင် အခိုင်အမာ တွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများအားလုံးအပါအဝင်ကို ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်မြင့်မြင့်ဦး ၉/မကန(နိုင်)၁၁၄၁၄၇ က အထက်ပါ တိုက်ခန်းကို မိမိသာတရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါတိုက်ခန်းအား အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးစည်သူမြင့် ၇/ပမန(နိုင်) ၀၀၃၈၈၆နှင့် နော်သီတာရွှေစင်ဝင်း ၁၁/သတန(နိုင်) ၀၅၈၅၆၃တို့က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့်**
**LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)**
**အမှတ် (၅၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇) ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

## နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်းကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊ ဈေးရပ်ကွက်၊ ဓမ္မစေတီလမ်းနေ (ဘ) ဦးသန်းအောင်၏သား ဦးစိုးသွင် ၇/အတန(နိုင်)၀၁၁၂၈၄ နှင့် ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၁)ရပ်ကွက်၊ မင်းရဲကျော်စွာ(၈)လမ်းနေ (ဘ) ဦးသိုက်၏သမီး ဒေါ်တင်တင် အေး ၁၂/တမန(နိုင်)၀၁၇၆၆၁ တို့သည် သဘောထားချင်းမတိုက်ဆိုင်သောကြောင့် ၂၂-၆-၂၀၂၃ရက်မှစ၍ နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးစိုးသွင် ၇/အတန(နိုင်)၀၁၁၂၈၄

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (ခ)ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ တိုက်အမှတ်(၉)၊ အခန်းအမှတ် (B-9)၊ပထမထပ်၊ စတုရန်းပေ(၇၃၉)ရှိ တိုက်ခန်း(၁)ခန်းအား လက်ရှိတရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသော ဒေါ်ထားထားမြင့် ၁၂/ရကန(နိုင်)၀၂၈၅၄၅ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက အထောက်အထားစာရွက်စာတမ်း(မူရင်း)များနှင့်တကွ ခုနစ်ရက် အတွင်းကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူသူမြင့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၈၁၇)**
**အိမ်/ရုံး-အမှတ်(၇)၊မြေညီထပ်(အေ)၊ ဣန္ဒာသယလမ်း၊ကျားကွက်သစ်ရပ်ကွက်၊တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၉၃၁၁၀၀၅၁၊ ၀၉-၉၇၀၄၇၉၃၃၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာစာ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ပုသိမ်ညွန့်(၆)လမ်း၊ အိမ်နံပါတ်(၂၇)၊ မြေညီထပ်ခြေရင်းခန်း၏ ပိုင်ရှင် ဖြစ်သူ ဦးသက်လွင် ၁၀/မလမ(နိုင်)၀၀၄၈၈၂ထံမှ တာမွေမြို့နယ်၊ ပုသိမ်ညွန့်စုံပြရပ်ကွက်၊ ဓမ္မစိန္တာလမ်း၊ အိမ်နံပါတ်(၆၁)နေ ဒေါ်ဇာခြည်ဝင်းမှ ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါ၍ ယင်းအခန်းနှင့်ပတ်သက်၍ သက်ဆိုင်သူများမှ ကန့်ကွက်လိုသူများရှိပါက ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

ဤကြေညာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အပြီးအပိုင်ငွေပေးချေ၍ ဝယ်ယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ဇာခြည်ဝင်း**
**၁၂/သဃက(နိုင်)၁၆၃၆၀၃**
**ဖုန်း-၀၉-၄၄၈၀၁၀၀၃၄**

## တရားဝင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန်ကြေညာခြင်း

တောင်တွင်းကြီးမြို့နယ်၊ ကသာကျေးရွာနေ ဦးကျော်ဇင်ထွန်း ၈/တတက (နိုင်)၁၀၀၃၅၂နှင့် ပျဉ်းမနားမြို့နေ ဒေါ်ထက်ထက်ရှိန် ၉/ပမန(နိုင်)၂၁၈၁၈၇ တို့သည် စိတ်သဘောထားခြင်းမတိုက်ဆိုင်တော့ပါသဖြင့် ၁၃-၇-၂၀၂၃ရက် မှတ်ပုံတင်အမှတ်စဉ်(၇၄/၂၀၂၃)ဖြင့် ပုသိမ်မြို့နယ်တရားရုံးတွင် တရားဝင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်ဆဲပြီးစီးကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ထက်ထက်ရှိန် ၉/ပမန(နိုင်)၂၁၈၁၈၇**

## အများသိစေရန် ကြေညာခြင်း

ရွှေဘိုမြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၇)၊ အကွက်အမည်(သက္ကယ်တန်းရပ်)၊ ဦးပိုင်အမှတ် (၂၅ ^ခ^)၊ ဧရိယာ ၀ ဒသမ ၀၁၁ဧကကို ဘိုးဘပိုင် အမည်ပြောင်းရန် ရွှေဘိုမြို့၊ အမှတ်(၃)ရပ်ကွက်နေ ဦးရင်မောင်မှ လျှောက်ထား လာသည့်အတွက် ယင်းတို့၏ အမည်ကို ပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲ မပေးထိုက်ကြောင်း ကန့်ကွက်လိုသူရှိပါက ၂၀၂၃ခုနှစ် ဩဂုတ်လ ၁၆ရက်မတိုင်မီ ဆိုင်ရာ စာရွက်စာတမ်းများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**
**ရွှေဘိုမြို့**

## အများသိစေရန် ကြေညာခြင်း

ရွှေဘိုမြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၇)၊ အကွက်အမည်(သက္ကယ်တန်းရပ်)၊ ဦးပိုင်အမှတ် (၁၅)၊ ဧရိယာ ၀ ဒသမ ၀၅၇ ဧကကို ဘိုးဘပိုင် အမည်ပြောင်းရန် ရွှေဘိုမြို့၊ အမှတ်(၃)ရပ်ကွက်နေ ဦးရင်မောင်မှ လျှောက်ထားလာသည့်အတွက် ယင်းတို့၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူရှိပါက ၂၀၂၃ခုနှစ်ဩဂုတ်လ၁၆ရက်မတိုင်မီဆိုင်ရာစာရွက်စာတမ်းများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**
**ရွှေဘိုမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၆)၊ အကွက်အမှတ်(RA-III)၊မြေဧရိယာ ၀ ဒသမ ၈၅ ဧက အကျယ်အဝန်းရှိမြေကွက်အား ဦးမြရောင်(MMO-267099) အမည်ဖြင့်ဂရန်သစ်လျှောက်ထား ရန်အတွက် မြေစာရင်းပုံစံ (၁၀၅/၁၀၆)ရေးကူးခွင့်လျှောက်ထားဆောင်ရွက်မည်ဖြစ်ပါသည်။ မြေစာရင်းပုံစံ (၁၀၅/၁၀၆) ရေးကူးရရှိပြီးသည်နှင့်တပြိုင်နက် ဦးမြရောင်အမည်ဖြင့် မြေငှားဂရန်သစ် လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် ဦးမြရောင်အမည်ဖြင့် ဂရန်သစ် လျှောက်ထားဆောင်ရွက်မည့်မြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သက်ဆိုင်ရာရုံးများတွင်ဖြစ်စေ၊ ကျွန်ုပ်ထံတွင်ဖြစ်စေ ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက် နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** | |
| **ဦးမြရောင်** | **ဒေါ်ခင်ခင်နိုင် (LL.B)** | **ဒေါ်မိုးစန္ဒာမွန် (LL.B)** |
| **(MMO-267099)** | **(စဉ်-၁၂၉၈၇) (၂၇-၇-၂၀၀၇)** | **(စဉ်-၄၀၆၂၈)(၃၁-၁၂-၂၀၁၂)** |
| **ရပ်ကွက်ကြီး(၆)၊** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **ပြင်ဦးလွင်မြို့။** | **အခန်းအမှတ် (A-10/၀)ကားကြီးဝင်းတိုက်ခန်း၊ ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၇၉၉၁၀၁၃၁၆၊ ၀၉-၆၈၄၀၀၆၁၆၁** | |

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
## မုံရွာခရိုင်တရားရုံးတော်
## ၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် ၁၇

ဦးမြသောင်း နှင့် ၁။ ဦးကျော်ဇင်ဦး
၂။ ဦးဇော်မင်းဦး
၃။ ဒေါ်အေးမြင့်ခိုင်

(တရားလို) (တရားပြိုင်များ)

မုံရွာမြို့၊ ပြည်တော်သာရပ်ကွက်နေ (၁)ဦးကျော်ဇင်ဦး၊ မုံရွာမြို့၊ မြို့သစ်ရပ်နေ (၂) ဦးဇော်မင်းဦးနှင့် (၃) ဒေါ်အေးမြင့်ခိုင်၊ အတူနေလင်မယား (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အရောင်းအဝယ်ပဋိညာဉ်အတိုင်း ကျန်ငွေကိုလက်ခံ၍ အရောင်းစာချုပ်ကို မှတ်ပုံတင်ပေးစေရန်နှင့် လက်ရောက်ရလိုမှုလျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ် ဩဂုတ်လ ၁၄ ရက် (၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၃ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေ ရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်း များနှင့်သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် ဇူလိုင်လ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မျိုးဝင်း)**
**တွဲဖက်ခရိုင်တရားသူကြီး**
**မုံရွာခရိုင်တရားရုံး**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ရန် ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ နန္ဒဝန်မြို့သစ်တွင် တည်ရှိသော အကွက်အမှတ် (၃/၁၄)၊ သီရိမင်္ဂလာလမ်း၊ အိမ်ဝင်းမြေကွက်အမှတ် (၅၅)၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧက၊ အလျား(၈၀)ပေ၊ အနံ(၆၀)ပေ အကျယ် အဝန်းရှိသည့် အရှေ့လားသော်ပေ(၄၀)လမ်း၊ အနောက်လားသော် သီရိမင်္ဂလာလမ်း၊ အကွက်အမှတ်(၅၃)၊ တောင်လားသော်သီရိမင်္ဂလာလမ်း၊ မြောက်လား သော်-(၁၅)လမ်း၊ အကွက်အမှတ်(၅၀) ဤနယ်လေးရပ်အတွင်းတည်ရှိသည့် မြေကွက်သည် ၁၉၉၆ခုနှစ်မှစတင်၍ ကျွန်ုပ်၏မိတ်ဆွေ ဦးထွန်းငွေ ၅/မရန(နိုင်) ၀၅၂၄၇၆ လက်ထိလက်ရောက် ဝယ်ယူခဲ့သော မြေကွက်ဖြစ်ပါသည်။

ယင်းမြေကွက်ကို ဝယ်ယူစဉ်က ပိုင်ရေးပိုင်ခွင့် အထောက်အထား စာရွက်စာတမ်းများ လိုအပ်ချက်များရှိနေပါသဖြင့် မည်သူမဆို မူရင်းပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ၇-၈-၂၀၂၃ရက်အတွင်း လာရောက်ကန့်ကွက်တားမြစ်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါ ဝင်းခြံမြေကို ဥပဒေနှင့်အညီ တရားဝင်ပိုင်ရေးပိုင်ခွင့်ရှိစေရန် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ-** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **(ထွန်းငွေ)** | **ဦးသန်းထွန်းအောင် (B.A, H.G.P, Dip Account:)** |
| | **အထက်တန်းရှေ့နေစဉ် (၁၉၈၇၁)** |
| | **(၁၂)လမ်း၊ စိန်ပန်းပြာလမ်းနှင့်စိန်ပန်းနီလမ်းကြား၊ မြို့သစ်ရပ်၊** |
| | **မုံရွာမြို့၊ ဖုန်း-၀၉-၄၄၁၃၈၄၇၁၁၊ ၀၉-၂၅၆၅၃၃၅၄၄** |

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၁) ရေငယ်ကျေးရွာ၊ မန်းလေး-လားရှိုးလမ်းမပေါ်ရှိ ကွင်းအမှတ် (ပြင်) ဦးပိုင်အမှတ်(၅၁)၊ မြေဧရိယာ ၃ ဒသမ ၈၅ ဧက အကျယ်အဝန်းထဲမှ မြေကွက်အမှတ်(က-၁/A-1) အဖြစ် သတ်မှတ်ထားသည့် ပေ(၄၇x၇၄) အကျယ် အဝန်းရှိ အရှေ့သို့လားသော် အကွက်အမှတ်(က-၁/B)၊ အနောက်သို့လားသော်လမ်း၊ တောင်သို့လားသော် အကွက်အမှတ် (က-၂)၊ မြောက်သို့လားသော် မန္တလေး-လားရှိုးလမ်း ၄င်းနယ်လေးရပ်အတွင်းရှိ အုတ်တံတိုင်း၊ သံပန်းသံတံခါး တပ်ဆင်ကာရန်ထားသည့် မြေနှင့်မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်နန်းခမ်းသီရိထွန်း ၁၃/ လရန(နိုင်)၁၆၆၀၈၉ မှ လက်ရှိထားပိုင်ဆိုင်ပြီး ယင်းမြေပေါ်ရှိ ပိုင်ဆိုင်ခွင့် အကျိုးခံစားပိုင်ခွင့်စီမံခန့်ခွဲခွင့် အရပ်ရပ်အား မုံရွာမြို့၊ ကျောက်ကာလမ်း၊ ချမ်းမြဝတီရပ်ကွက်နေ ဦးမျိုးဝင်း ၅/မရန(နိုင်)၀၉၉၇၄၉ က အပြီးအပိုင်လွှဲပြောင်းယူရန်အတွက် ၁၇-၇-၂၀၂၃ ရက်က စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းများနှင့်တကွ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးမျိုးဝင်း** | **ဦးထွန်းမင်းအောင် (LL.B, Advocate)** |
| **၅/ မရန(နိုင်)၀၉၉၇၄၉** | **တရားလွှတ်တော်ရှေ့နေ(စဉ် -၉၂၁၁)** |
| **ကျောက်ကာလမ်း၊** | **ဂရုနာမွန်လမ်း၊ ရကက (၁၂)၊ ရေချမ်းအိုး၊** |
| **ချမ်းမြဝတီလမ်း၊ မုံရွာမြို့** | **ပြင်ဦးလွင်မြို့** |

## တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အ.ထ.က(၂၂)၊ Grade-7မှ မမေသက် ခိုင်၏ ဖခင်အမည်မှန်မှာ ဦးမောင်မြင့်(ခ) ဦးညွန့်သန်း ၈/ပမန(နိုင်)၀၆၅၂၄၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ နယ်မြေ(၈)၊ မြသွယ်လမ်း၊ အမှတ်(ရ/၁၃၃)နေ ဒေါ်ဂျိုတီ (ခ)ဒေါ်စိုးစိုး၁၃/တကန (နိုင်) ၀၆၈၅၆၅ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ဂျိုတီ (ခ) ဒေါ်စိုးစိုး**

## မိဘအမည်မှန်

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့၊ အ.ထ.က(၂)၊ Grade-4(A) မှ မောင်ဟိန်းသူရအောင်၏ မိဘအမည် မှန်မှာ ဦးဗိုလ်ကျော်အောင် ၉/ကပတ(နိုင်) ၁၁၁၁၂၂နှင့် ဒေါ်ဖွားစော ၉/ကပတ(နိုင်) ၁၁၁၀၆၅ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

တောင်ကြီးမြို့၊ အ.ထ.က (၁၀)၊ Grade-11(B) မှ နန်းသီသီဦး ၁၃/တကန(နိုင်) ၃၇၇၄၃၅၏ ဖခင်အမည်မှန်မှာ ဦးခွန်အောင်ကီး ၁၃/တကန(နိုင်) ၁၆၃၂၇၅ ဖြစ်ပါကြောင်း။

**ဦးခွန်အောင်ကီး**

## ပတ်စ်ပို့ပျောက်

ပင်လုံမြို့၊ ရပ်ကွက်(၃)နေ (ဘ) ကျန်ရင်းဟွာ၏ သမီး မမြင့်ရွှေ ၁၃/လလန(ပြု) ၀၀၀၁၄၇၏ နိုင်ငံကူးလက်မှတ်အမှတ် (MA-189838)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၄၃၇၄၅၈၆**

## ပတ်စ်ပို့ပျောက်

ပွင့်ဖြူမြို့နယ်၊ ထနောင်းကုန်းကျေးရွာနေ (ဘ) ဦးအောင်ကိုလတ်၏သား မောင်သီဟနိုင် ၈/ပဖန(နိုင်)၁၃၆၂၂၉၏ နိုင်ငံကူးလက်မှတ်အမှတ် (MH-046147) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

**ဖုန်း-၀၉-၇၅၆၅၀၄၈၅၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3H/3909 Toyota Passo QNC10, H/B(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ရွှေ ၉/ရဘန (နိုင်)၀၁၂၈၇၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သံဒင်း ၄၆/၂၀)ရပ်ကွက်၊ ဘိုကလေး(၄)လမ်း၊ မြေကွက်အမှတ် (၈၀၈/ခ)၊ မြေအကျယ်အဝန်းပေ (၂၀x၆၀)အကျယ်အဝန်းရှိ ပါမစ်မြေကွက်နှင့် နေအိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ်ဆက်စပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ကာ လက်ရှိရောင်းဝယ် ပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ဦးသိန်းထွန်း (၁၂/ကမတ(နိုင်)၀၈၃၅၇၇)မှ ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းတင် (၉/မမန(နိုင်)၀၀၉၉၄၀)မှ ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေ တစိတ်တဒေသအားပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်ခွင့်ရှိသည်ဆိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မေသူသူမြင့် (LL.B, D.B.L, D.I.L, D.M.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၆၂၈)
ဖုန်း-၀၉ ၉၅၁၈၉၉၁၈

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယကာကြီး
## ဦးရီမောင်
### အသက် (၈၃) နှစ်

မကွေးမြို့၊ ငွေးတောက်စမ်းကျေးရွာနေ (ဦးမြမောင်-ဒေါ်ကြည်)တို့၏ သား၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရပ်ကွက်အမှတ်(၂)၊ ရန်ကင်းပန်းခြံအိမ်ရာ (Yankin Garden Residence)၊ စည်ပင်လမ်း၊ တိုက်အမှတ် (၅၀၅)၊ ၅-လွှာနေ ဒေါ်တင်ဝင်း၏ခင်ပွန်း၊ ဦးကျော်ဝင်းရီ-ဒေါ်သန်းသန်းဝေ၊ ဦးအောင်ဝင်းရီ-ဒေါ်မြတ်မြတ်ခိုင်၊ ဦးအောင်ကျော်မိုး-ဒေါ်နီလာ ထွေးတို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မြေး(၇)ယောက်၊ မြစ်(၂)ယောက်တို့၏ဘိုးဘိုးကြီးသည် ၂၁-၇-၂၀၂၃ရက် (သောကြာနေ့) နံနက် ၇:၄၅နာရီတွင် (၉၆)ပါးသောရောဂါဖြင့် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၂၃ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတိတိတွင် ခန်းမ (၁/ခ)ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအား ရည်စူး၍ ၂၇-၇-၂၀၂၃ရက် (ကြာသပတေးနေ့) နံနက် ၇:၀၀ မှ ၁၀:၀၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁နာရီတိတိတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်ကြည် (အုန်းနဲ့)
### အသက် (၈၈)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အုန်းနဲ့ကျေးရွာနေ(ဦးဖိုးထွန်း-ဒေါ်အေး) တို့၏သမီး၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ Pearl CondoTower (A)၊ အခန်း(၄၀၁)နေ (ဦးတင်ဖေ)၏ ချစ်လှစွာသောဇနီး၊ ဒေါက်တာ သိန်းဇော် (ဗဟိုဘဏ်၊ စိုက်ပျိုးရေးဘဏ်၊ CHD ဘဏ်၊ SHWE ဘဏ်-ငြိမ်း)- ဒေါ်ခင်မြင့်ကြည်၊ ဦးမြင့်ခိုင်-(ဒေါ်အေးအေးမြင့်)၊ ဦးအောင်မြတ်ဇော် တို့၏မိခင်၊ မြေး (၆)ယောက်တို့၏ဘွားဘွားကြီးသည် ၂၀-၇-၂၀၂၃ ရက် (ကြာသပတေးနေ့) နံနက် ၈:၀၇ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၇-၂၀၂၃ ရက်(စနေနေ့) မွန်းလွဲ ၁၂:၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

အထက်ပါနေအိမ်မှ ကားများ ၂၂-၇-၂၀၂၃ရက် (စနေနေ့) မွန်းလွဲ ၁၁:၁၅ နာရီတွင် စတင်ထွက်ခွာပါမည်။ ၂၆-၇-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့၊ အထက(မိုးညို)Grade -12 တွင် ပညာသင်ကြားနေသော မမြတ်နိုးဝေ၏ဖခင်အမည်မှန်မှာ ဦးမင်းနိုင် ၁၄/ကခန(နိုင်) ဝ၉၉၁၆၉ ဖြစ်ပါကြောင်း။

**ဦးမင်းနိုင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/79769, New ZHINENG -110 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းအောင်စိုး ၉/ပမန(နိုင်)၁၇၉၃၆၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(နေပြည်တော်ရုံး)**

## ဦးစန်းအောင်(B.E Mech-1974)
### (USA Color Lab)
### (စိန်ပေါလ်ကျောင်းသားဟောင်း)
### အသက်(၇၂)နှစ်

ဟံသာအေး ဦးကျော်ဇော-ဒေါ်ကျင်မြတို့၏သားငယ် ဦးစန်းအောင် သည် ၁၉-၇-၂၀၂၃ရက် ည ၉:၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၂၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

(နေအိမ်ခြံအမှတ် ၂၊ ဘိုးရာဇာလမ်း၊ ကျောက်ကုန်း၊ရန်ကင်းမြို့နယ် မှ ကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ခွာပါမည်။) ကွယ်လွန်သူအား ရည်စူး၍ ၂၅-၇-၂၀၂၃ရက်(အင်္ဂါနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးခ္ဓီရှိန်းထန်း
### အသက်(၅၆)နှစ်

ပြည်တွင်းအခွန်များဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့နယ်၊ အခွန်ဦးစီးဌာနမှူးရုံးမှ ဦးစီးအရာရှိ ဦးခ္ဓီရှိန်းထန်း အသက်(၅၆)နှစ် သည် ၂၁-၇-၂၀၂၃ရက် (သောကြာနေ့)နံနက် ၂:၃၀နာရီတွင် ကွယ်လွန်သွားခဲ့ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ပြည်တွင်းအခွန်များဦးစီးဌာန၊**
**ပဲခူးတိုင်းဒေသကြီး၊ အခွန်ဦးစီးဌာနမှူးရုံး**

## ဦးအောင်အောင်စိုး
### အသက် ( ၅၂) နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ဆိတ်ငယ်ရပ်၊ အမှတ်(၁၀၄)၊ ဗိုလ်ချုပ်လမ်း (မြိတ်ထူးကုန်မာဆိုင်) နေ (ဦးစိုးသိန်း-ဒေါ်အေးညွန့်) တို့၏ တတိယမြောက်သား ၊ ဦးထွေးငယ်၏ညီ၊ ဒေါ်သင်းသင်းစိုး၊ ဒေါ်တင်တင်ဝေတို့၏ မောင်၊ ဦးဝင်းနိုင်-ဒေါ်သန္တာမြတ်ခိုင် (Htoo & Phoo 1985 Co.,Ltd) တို့၏ အစ်ကို၊ မောင်ထူးဝိယနိုင်နှင့် မဖူးအဥ္စလီနိုင်တို့၏ ဘကြီးသည် ၂၀-၇-၂၀၂၃ ရက်(ကြာသပတေးနေ့) နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၂-၇-၂၀၂၃ ရက် (စနေနေ့) နံနက် ၁၁နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ကျန်ရစ်သူမိသားစုမှ ညှိုးငယ်သော စိတ်ထားဖြင့် အသိပေးအပ်ပါသည်။

ရန်ကုန်နေအိမ်နှင့် ထူးနှင့် ဖူးကုမ္ပဏီ (ညောင်တန်း ပုဇွန်တောင်) ရှေ့မှ ကားများ နံနက် ၉ နာရီတွင် စတင်ထွက်ခွာပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၂၆-၇-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၂နာရီအထိ အမှတ်(၁၄၆-Q)၊ စန္ဒာသီရိလမ်း၊ ၉မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်ရှိ နေအိမ်သို့ ရက်လည်တရားတော်နာကြွရောက်ပါရန် ညှိုးငယ်စွာဖြင့် ကျန်ရစ်သူမိသားစုမှ ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၈)၊ အောင်သီရိ(၅)လမ်း၊ မြေကွက်အမှတ် (၇၅၈)၊ အကျယ်အဝန်း (၄၉ပေ × ၆၀ပေ) ရှိ ဦးအေးနိုင် (၁၄/အဂပ (နိုင်) ၀၈၇၄၉၆) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ရင်ရင်မြ (၉/မမန(နိုင်) ၁၁၉၉၃၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၃)လမ်း၊ တိုက်အမှတ်(၂၅)၊ (၂)ခန်းတွဲ (၆)ထပ်တိုက်မှ (၅)လွှာ၊ ခြေရင်းခန်း တိုက်ခန်းအားပိုင်ရှင်ဟု ဝန်ခံပြောဆိုသူ ဦးဝေလွင် (၁၃/တကန(နိုင်) ၁၃၂၄၀၉) ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေ ဦးစိုးဝင်းလတ် (၅/ဆလက(နိုင်)၀၀၀၁၂၀) မှ စရန်ငွေပေးချေထားပါသည်။ ယင်းတိုက်ခန်း၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ သတင်းစာကြေညာစာပါသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခဲ့ခြင်းမရှိပါက အရောင်းအဝယ်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးစိုးဝင်းလတ် (၅/ဆလက(နိုင်)၀၀၀၁၂၀)၏ လွှဲအပ်ချက်အရ-**
**ဦးဝင်းမိုးအောင် (L.L.B) အထက်တန်းရှေ့နေ (စဉ်-၄၉၁၆၁)**
**အမှတ်(၂၇)၊ မြေညီ၊ မာလာမြိုင်(၂)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊**
**ဖုန်း-၀၉-၉၅၉၃၈၅၃၄၄**

## သားအဖြစ်မှ စွန့်လွှတ်ကြောင်း

နတ်မောက်မြို့နယ်၊ ရေငံအုပ်စု၊ အောင်သပြေကျေးရွာနေ ဦးကြည်မောင်၏သား စိုးမင်းထက် ၈/နမန(နိုင်) ၂၇၉၅၁၈အား သားအဖြစ်နှင့် အမွေစားအမွေခံအဖြစ်မှ စွန့်လွှတ်ကြောင်း၊ နောက်နောင်တွင် စိုးမင်းထက်နှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းမည် မဟုတ်ကြောင်း။

**ဦးကြည်မောင် ၉/ပမန(နိုင်)၀၃၀၉၀၄**
**အောင်သပြေကျေးရွာ**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့၊အထက(ခွဲ) မြို့မကျောင်း Grade-9 အောင်မှ မခုန်နုတ်၏ ဖခင်အမည်မှန်မှာ ဦးနှုတ်နွမ် ၅/ ခတန(နိုင်)၀၁၇၃၈၉ ဖြစ်ပါကြောင်း။

**ဦးနှုတ်နွမ်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၆)လမ်း၊ အမှတ်(၅၀)ရှိ (၂)ခန်းတွဲ(၆)ထပ်အဆောက်အအုံ၏ ပဉ္စမထပ် (၆-လွှာ) (ခြေရင်းခန်း) တိုက်ဘက်မျက်နှာမူလျှင်-(ဘယ်)ဘက် တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အားလက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်သီတာစိုး(၁၂/မရက (နိုင်)၁၂၁၃၈၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်စန္ဒာ (၈/မကန(နိုင်) ၂၃၁၂၁၇)က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ် သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်စုစုခိုင် (LL.B. D.B.L, D.I.L)** | **ဒေါ်ခင်စောသိန်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၅၅၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၂၈၆)** |

**တိုက်(၁၀/၁၂)၊ ပထမထပ် အခန်း(၁၀၄/H) ၃၅-လမ်း(အောက်)**
**ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4F/2273, Mitsubishi Canter FB 70 ABX , Van(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းထိန်အောင် ၁၀/မလမ (နိုင်) ၀၂၃၉၆၄ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3Q/2465 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်လွင် ၁၂/ဗဟန(နိုင်)၀၃၄၁၃၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့၊ အမှတ်(၂)ရပ်ကွက်၊ အကွက် အမှတ် (၁၃)၊ အကွက် အမည်-ဒါးတန်းနှင့်ပန်းဘဲကုန်း၊ ဦးပိုင်အမှတ်(၁၄၂)၊ ဧရိယာ(၀.၀၃၃)ဧကရှိ မြေကို(ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဒေါ်မော်မော်စန်း (၈/မကန(နိုင်)၁၂၃၂၂၁)မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်း လဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၃ ခုနှစ် ဩဂုတ်လ ၂၀ ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန(ညောင်ဦးမြို့)**

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7K/5385 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၄ယ/၂၁၆၄၂, Honda Wave 100,M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်နိုင် ၆/မမန(နိုင်)၁၇၆၆၇၃ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

## ဦးပိုင်အမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

ထားဝယ်မြို့၊ ကျောက်မော်/ရှမ္မရပ်ကွက်၊ အကွက်အမှတ်( ၅၇ )၊ အကွက်အမည် - မျှော်အင်းတောင်၊ ဦးပိုင်အမှတ် (၁၅၅.စ+၁၅၆.ခ)၊ မြေဧရိယာ(၀.၃၉၃+၀.၂၄၈)ကေအနက် စုစုပေါင်းမြေဧရိယာ(၀.၆၄၁)ကေရှိ အောက်ဖော် ပြပါ အလားအလာရှိသည့်-

| | | | |
|---|---|---|---|
| (က) | အရှေ့လားသော် | - | ဦးပိုင်အမှတ်(၁၅၆.ဒ)၊ (၁၅၅.ခ) |
| (ခ) | အနောက်လားသော် | - | ဦးပိုင်အမှတ်(၁၅၅.ဃ)၊ (၁၅၆.ထ) |
| (ဂ) | တောင်လားသော် | - | ဦးပိုင်အမှတ်(၁၅၈.က) |
| (င) | မြောက်လားသော် | - | ထားဝယ်-မြိတ်ကားလမ်း |

အထက်ဖော်ပြပါမြေကို ဦးပိုင်အမည်ပြောင်းပေးရန် ဒေါ်မြင့်မြင့်အေးပါ(၂)ဦး မှ လျှောက်ထားလာသည့်အတွက် ယင်း၏ အမည်ကိုပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၆ရက်မတိုင်မီ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်ထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက် နိုင်ကြောင်းကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ် နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းဦးစီးဌာန၊**
**ထားဝယ်မြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊မြေတိုင်းရပ်ကွက် အမှတ်၄/ ရွှေကြာပင်၊ မြေကွက် အမှတ် ၁၄၂၀၊ ဧရိယာ ၀ဒသမ၀၈၂ ဧကရှိ ဒေါ်ဆွေ(ဘ)ဦးခင်မောင် ၉/လဝန(နိုင်) ၂၂၅၅၈၇ အမည်ပေါက်ပါမစ်မြေကွက်အား အမည်ပေါက်သူကိုယ်စား ဦးကြည်လှိုင်(ဘ)ဦးတင်ရွှေ ၉/ပမန(နိုင်)၁၁၄၂၆၂ မှ ယာယီမြေပေးစာလစ်၊ နှစ်ဦး သဘောတူ အရောင်းအဝယ်စာချုပ်၊ ကျမ်းကျိန်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ၎င်းမြေကွက် ကို ချထားပေးသည်မှာ မှန်ကန်ကြောင်း အသိသက်သေ(၃)ဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး မြေပေးမိန့် ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာ ချက်ပါရှိသည့်ရက်မှ စ၍ ၁၅ ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်း များနှင့်အညီ မြေပေးမိန့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5N/9807 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝါဝါဦး ၁၄/ဟသတ(နိုင်)၂၀၃၅၄၅ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 35W/89303, Honda Wave -100,M/C ယာဉ်လက်ဝယ်ရှိသူ ဦးနေဇာမျိုး ၁၄/လပတ(နိုင်)၁၄၆၄၁၈ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## သင့်သွေးဖြင့် အသက်ကယ်ပါ

❖ **ပညာရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံခြင်းဟာ အနာဂတ် နိုင်ငံတော်၊ ဒီမိုကရေစီစနစ်အတွက် များစွာ အခိုင်အမာဖြစ်စေပါလိမ့်မယ်။**

(နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၁၂) ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေ စိုးမိုးရေးနှင့်လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍ မြှင့်တင်ရေး။



ဒဂုံစတားအသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း ယှဉ်ပြိုင်စဉ်။

## MNL ပြိုင်ပွဲတွင် ဒဂုံစတားကို ရခိုင်ယူနိုက်တက် အနိုင်ယူ

ရန်ကုန် ဇူလိုင် ၂၁

၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၃) ပထမနေ့ကို ဇူလိုင် ၂၁ ရက်က သုဝဏ္ဏကွင်း၌ကျင်းပရာ ရခိုင်ယူနိုက်တက်အသင်းက ဒဂုံစတားအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ဒုတိယအကျော့အဖွင့်ပွဲတွင် အရေးနိမ့်ထားသည့် အသင်းနှစ်သင်း တွေ့ဆုံခြင်းဖြစ်ပြီး ရခိုင်ယူနိုက်တက်အသင်းက နိုင်ပွဲရှာတွေ့ခဲ့သည်။ ဒဂုံစတားအသင်းမှာမူ မျှော်မှန်းသလောက် ရလဒ်မကောင်းသေးဘဲ ခြေစွမ်းမကျသည့်အသင်းများ၊ အဆင့်ရပ်တည်မှုမကျသည့်အသင်းများနှင့် တွေ့ဆုံရာတွင် အရေးနိမ့်ခဲ့သဖြင့် ပွဲစဉ် (၁၂) အပြီး ရပ်တည်နေသည့် အဆင့် ၆ နေရာမှ ဖယ်ပေးခဲ့ရသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ❖

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

နေပြည်တော် ဇူလိုင် ၂၁

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်တောင်ပိုင်း - အင်ဒရာပရာဒေ့ရှ်ပြည်နယ်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း အနောက်- အနောက်မြောက်ဘက်သို့ ရွေ့လျားပြီး အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်တောင်ပိုင်း - အင်ဒရာပရာဒေ့ရှ်ပြည်နယ်မြောက်ပိုင်းကမ်းခြေတို့ကို ဖြတ်ကျော်ဝင်ရောက်နိုင်သည်ဟု ခန့်မှန်းရသည်။ မိုး/ဇလ

## မြစ်ရေကြီးခြင်းသတိပေးချက်

### မိုးကောင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန်

နေပြည်တော် ဇူလိုင် ၂၁

ယနေ့ ညနေ ၄ နာရီခွဲ တိုင်းထွာချက်အရ နန့်ယင်းမြစ်ရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

နန့်ကောင်းမြစ်ရေသည် မိုးကောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် လေးပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးကောင်းမြို့နယ်အတွင်းရှိမြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ မိုး/ဇလ

## Continental Futsal Championship 2023 ပြိုင်ပွဲတွင် မြန်မာအသင်း အုပ်စု (က) တွင် ကျရောက်

ရန်ကုန် ဇူလိုင် ၂၁

Continental Futsal Championship2023 ပြိုင်ပွဲ အုပ်စုမဲခွဲပွဲကို ဇူလိုင် ၂၁ ရက်က ထိုင်းနိုင်ငံ၌ ကျင်းပရာ မြန်မာအသင်းသည် အုပ်စု (က) တွင် ကျရောက်ခဲ့သည်။

ယင်းပြိုင်ပွဲတွင် အသင်းခြောက်သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး သုံးသင်း နှစ်အုပ်စုခွဲ၍ ကျင်းပသွားမည်ဖြစ်သည်။ အုပ်စုမဲခွဲမှုအရ အုပ်စု (က) တွင် အိမ်ရှင်ထိုင်း၊ ဆော်လမွန်ကျွန်းစု၊ မြန်မာ၊ အုပ်စု (ခ) တွင် ချက်၊ မိုဇမ်ဘစ်နှင့် အာဖဂန်နစ္စတန်အသင်းတို့ ပါဝင်နေသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ❍

## ယနေ့ သတင်းအညွှန်း

**ပါကစ္စတန်နိုင်ငံ၌ ဇွန် ၂၅ ရက်မှစ၍ မုတ်သုံရာသီအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သေဆုံးသူ ၁၀၁ ဦးအထိတိုးလာ**



နိုင်ငံတကာသတင်း စာ ၁၃

**ဟိုပုံးမြို့နယ်၌ ငွေကျပ်သိန်း ၄၅၀၀ ကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ကိုးသိန်းကျော် ဖမ်းဆီးရမိ**



ပြည်တွင်းသတင်း စာ ၁၄

**ရက်ဖို့ဒ်နဲ့ မန်ယူအသင်းရဲ့ တိုက်စစ်လားရာ**

နိုင်ငံတကာအားကစားမြင်ကွင်း စာ ၁၈